# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ အင်္ဂါနေ့၊ (26-12-2006) (၅၁၈၃)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။






# ဖောင်ကြီးအရှေ့စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနား ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက် ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သားဖွားခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

### စံပြကျေးရွာဖွင့်ပွဲ

ဆက်လက်၍ လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျေးရွာထိပ်ရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက စံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** *

### စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ဆောင်းပါးအညွှန်း

**"ဒေါက်တာစိန်ဝင်း ဦးဆောင်သော NCGUB အဖွဲ့ဝင် ဝန်ကြီးဆိုသူများမှာ နိုင်ငံရေးဆိုတာ အဖြူလား၊ အမည်းလား မသိကြပါ။ အမောင်တောင်မှန်း၊ မြောက်မှန်း မသိ ဖြစ်နေကြပါသည်။ ဆရာဝန်ပေါက်စ၊ အင်ဂျင်နီယာပေါက်စ၊ ရှေ့နေပေါက်စများသာ ဖြစ်ကြပါသည်။ NLD အမည်ခံပြီး လွန်ခဲ့သော ၁၅ နှစ်ကျော်က ရွေးကောက်ပွဲတွင် အရောင်အနိုင်ရခဲ့ခြင်းသာ ဖြစ်ပါသည်။ သူတို့သာ တရားဝင်အစိုးရတက်လုပ်ပါက (သို့မဟုတ်) သူတို့ကိုသာ မှားယွင်းစွာ တာဝန်လွှဲအပ်မိပါက တိုင်းပြည်ကတော့ ချောက်ထဲကျဖို့ သေချာပါသည်"**

ဖဒိုအောင်ဆန်း၏ **"ကျွန်တော်နှင့် အဖျက်သမားများ"**

(ဆောင်းပါး) စာမျက်နှာ-၆

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၆-၁၂-၂၀၀၆
(အင်္ဂါနေ့)

## မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အလေးထားကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံ၏ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီးတစ်ခုဖြစ်သည့်အပြင် တောင်သူလယ်သမားများနှင့် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားစေရန် နိုင်ငံတော်က အားပေးဖြည့်ဆည်းလျက်ရှိသည်။

ယခုအခါ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မိတ္ထီလာကန်သို့ ရေကူရေဖြည့်ပေးမည့် ချောင်းကောက်၊ လွန်ငင်၊ လက်ခုပ်ပင်နှင့် ညောင်ကုန်းရေလှောင်တမံများကို တည်ဆောက်ပြီး တမံများ တစ်ခုနှင့်တစ်ခုဆက်သွယ်သည့် တူးမြောင်းများကို ဖောက်လုပ်လျက်ရှိသည်။

အလားတူ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ကျိုင်းခမ်းနှင့်ဇော်ဂျီရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ရွာငံမြို့နယ်တွင် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းနှင့် မိတ္ထီလာမြို့နယ်တွင် ရှမ်းမငယ်(မုန်တိုင်ရေကူ) ရေလှောင်တမံတို့ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါရေလှောင်တမံ ဘက်စုံစီမံကိန်းများကို စိုက်ပျိုးရေပေးဝေရေးနှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ ပြီးစီးပါက မိတ္ထီလာကန်သို့ ရေကူရေဖြည့်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပြီး သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သည်။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် များစွာအကျိုးပြုလျက်ရှိသဖြင့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိတ္ထီလာလွင်ပြင်အပါအဝင် အညာဒေသတစ်ခွင် ပိုမိုစိမ်းလန်းစိုပြည်လာမည်ဖြစ်ပါသည်။ ။



## ဆက်ကပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် နှစ်ဖက်သော ဘိုး ဘွား မိဘများအားအမှူးထား၍ ရန်ကုန်မြို့ အလုံသစ်တောလမ်း အလုံမြို့နယ်နေ (ဦးသိန်း)-ဒေါ်ညွန့်တင် သားသမီးမြေးတစ်စုက အလှူငွေကျပ် ၂၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ယာဉ်မောင်းများ အရက်သေစာသောက်စား မောင်းနှင်မှုမရှိရေး ကြပ်မတ် ကုန်တင်ယာဉ်များ သတ်မှတ်တန်ချိန်၊ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင် ဘူတာရုံနှင့် ရထားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၅

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**





**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးက ယခုကာလအတွင်း ပွဲတော်များရှိနေသဖြင့် ယာဉ်မောင်းများ အရက်သေစာသောက်စားပြီး မောင်းနှင်မှုမရှိစေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန်၊ တက္ကသိုလ်၊ ကောလိပ်ကြို/ပို့ယာဉ်များနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်များ၌ သတ်မှတ်ခရီးသည်ထက် ပိုမိုတင်ဆောင်မှုမရှိစေရေး၊ ကျောင်းသားများတွယ်စီးခြင်းနှင့် နောက်ဖုံးဖွင့်၍ စီးနင်းခြင်းများမရှိစေရေး ကြပ်မတ်ကြရန်၊ ခရီးသည်တင် ယာဉ်လိုင်းများ၌ ယာဉ်တစ်စီးနှင့်တစ်စီး လု၍မောင်းနှင်ခြင်းမရှိစေရေးနှင့် ခရီးသည်များအား ဆွဲတင်၊ ဆွဲချမပြုလုပ်စေရေး ပညာပေးအရေးယူဆောင်ရွက်ကြရန်၊ ကုန်တင်ယာဉ်ကြီးများကို တန်ချိန် ၄၀ မှ ၆၀ အထိ တင်ဆောင်ခွင့်ပြုထားပြီးဖြစ်၍ ကုန်တင်ယာဉ်များ သတ်မှတ်တန်ချိန်အတိုင်းသာ တင်ဆောင် ကြရန်နှင့် သတ်မှတ် လမ်းကြောင်းများ အတိုင်းသာ အသုံးပြုမောင်းနှင်ကြရန်၊ ဘူတာရုံများနှင့် မီးရထား သံလမ်းများ တစ်လျှောက် သန့်ရှင်းသပ်ရပ်စေရေး၊ လုံခြုံရေးကောင်းမွန်ရေး၊ ဘူတာရုံများ၌ ညအချိန် လျှပ်စစ်မီးလင်းစေရေးနှင့် ခွေးလေခွေးလွင့်များမရှိစေရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တက္ကသိုလ်၊ ကောလိပ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပုဇွန်တောင်မြို့နယ် စင်ကာပူ ပရိယတ္တိစာသင်တိုက်အတွင်းရှိ မဟာကန်တော်အတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသည့် ရဟန္တာ အရှင်ဥပဂုတ္တမထေရ်မြတ်ကြီး ဒေသစာရီကြွချီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ ပွဲတော်ကျင်းပရေးကော်မတီ နာယက ဦးအေးမောင်နှင့် ဥက္ကဋ္ဌ ဦးတင်လှတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (၂၃)



## ပြန်/ဆက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စစ်တွေနှင့်ပုဏ္ဏားကျွန်းမြို့နယ်ရှိ စာကြည့်တိုက်များစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ "မောင်သာနိုး စာကြည့်တိုက်"နှင့် ပုဏ္ဏားကျွန်းမြို့နယ်ရုံးသို့ လည်းကောင်း၊ ဒီဇင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ "ပညာပဒေသာ စာကြည့်တိုက်"နှင့် ပါဒလိတ်ကျေးရွာရှိ "ပညာ့အလင်း စာကြည့်တိုက်" တို့သို့ လည်းကောင်း သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ စာဖတ်ပရိသတ်များနှင့် တွေ့ဆုံကာ စာအုပ်စာစောင်တိုးပွားရေး၊ စာများများဖတ်၍ အသိပညာဗဟုသုတ တိုးပွားစေရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးတို့ကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ဒီဇင်ဘာ ၁၉ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာစစ်တွေညိုသန့်၊ ဗဂျီးကျော်(စစ်တွေ)တို့နှင့်အတူ စာပေဟော ပြောပွဲကျင်းပခဲ့သည်။ ညပိုင်းတွင် စစ်တွေခရိုင်ရုံး၌ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူနှင့် မောင်တောမြို့နယ်တို့မှ ဦးစီးအရာရှိများ၊ ခရိုင်ရုံးဝန်ထမ်းများအား တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၄၃၆၂၆၇၀ လှူဒါန်းပွဲသို့ တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည့် အီလက်ထရွန်နစ် စာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်ရုံများဒေသ ကြည့်ရှုစစ်ဆေး ရည်မှန်းချက်တာဝန်များပြည့်မီကျော်လွန်ရန် အစွမ်းကုန်ကြိုးပမ်းရေးမှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သောင်းနှင့် ဦးသိန်းဇော်တို့သည် ဒီဇင်ဘာ ၂၃ ရက် ညပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာမန္တလေးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက မန္တလေးတိုင်း ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်ကျေးရွာများအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းတို့က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်း ကျောက်ဆည်စက်ရုံများဒေသ၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) ရှင်းလင်းဆောင်သို့ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးအား စက်ရုံမှူး ဦးစိန်အောင်နှင့် တာဝန်ရှိသူများက စက်ရုံ၏ ထုတ်လုပ်/ဖြန့်ဖြူးမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်တင်ပြသည်။

### မှာကြား

ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ဆည်စက်ရုံများနယ်မြေရှိ စက်ရုံမှူးများအား တွေ့ဆုံမှာကြားသည်။

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် မှန်ချက်သဲထုတ်လုပ်နိုင်မည့် ယင်းစွဲတောင်သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက မှန်စက်ရုံစီမံကိန်း အကောင်အထည်ဖော်မည့်နေရာကို မြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးသည် ကျောက်တော်ပေါ်သို့ တက်ရောက်ကြည့်ရှုပြီး စက်ရုံတည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးမှာကြားသည်။

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် အဆင့်မြင့် မီးခံအုတ်စက်ရုံ(ကျောက်ဆည်)သို့ ရောက်ရှိစစ်ဆေးပြီး ထုတ်လုပ်ပြီး မီးခံအုတ်များကို ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မန္တလေးတိုင်း ခရိုင်နှင့်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ရပ်ကွက်နှင့်ကျေးရွာ စည်းရုံးရေးမှူးများအား အမှာစကားပြောကြားစဉ်။**

(စက်မှု-၁)

## ရန်ကင်း အထက(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကင်းမြို့နယ် အထက(၁)တွင် ၁၉၆၂ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေမရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဦးတင်မောင်အေး ဖုန်း-၀၉-၅၂၀ ၀၂၀၀၊ ဦးဇေယျာကို ဖုန်း-၀၉-၅၁၆ ၇၅၅၆၊ ဒေါ်ရှုဝါ ဖုန်း-၀၉-၅၁၇ ၂၆၃၁၊ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀၂ ၄၉၃၀၊ ဦးအောင်ချို(ခ)ချိုလေး ဖုန်း-၀၉-၅၃၂ ០၆၁၃၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၀ ၂၆၁၂၊ ဒေါ်ခင်စန္ဒာ ဖုန်း-၀၁-၅၇၀၈၃၁၊ ဒေါ်အေးအေးစန်း ဖုန်း-၀၁-၆၂၁၈၀ (လိုင်းခွဲ)၁၄၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန အလှူ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ၊ ILBC တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူငွေများလှူဒါန်းရာ ဖျာပုံမြို့ ရွှေသာလျောင်းဘုရားလမ်း ဦးကျော်စိုး-ဒေါ်မြနွယ်မိသားစု၊ ဦးအောင်လှဝ-ဒေါ်စိန်စိန်မြ အောင်ရတနာမိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ပထမလမ်း ဦးကျင်သိန်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ရွှေသာလျောင်းလမ်း ဦးချမ်းရန်မိသားစု၊ ဗိုလ်ချုပ်လမ်း ဦးဘလှိုင်-ဒေါ်တင်ကြည်မိသားစု၊ ဦးဇော်ဝင်း-ဒေါ်ဝင်းကြည် တိုင်းရင်းဆေး မိသားစုက ကျပ်နှစ်သောင်းစီ၊ ဦးလှဝင်း-ဒေါ်ခင်ထွေးရီ မိသားစုကငွေကျပ်သုံးသောင်း၊ ရွှေသာလျောင်းဘုရားလမ်း ဦးမောင်မောင်လေး မိသားစု၊ ဦးတင်ရှိန်-ဒေါ်မြသန်း မိသားစု၊ ဦးအေးအောင်-ဒေါ်ကြူကြူ၊ ဒေါ်မြတင်-ဒေါ်ခင်တင့်-ဒေါ်ပို့နု မိသားစုက ကျပ်တစ်သောင်းစီ၊ ဦးပြားကြီး-ဒေါ်အိအိဖြူ၊ ဦးအောင်သန်း-ဒေါ်တင်ရီ၊ ကိုကျော်အေး-မအေးအေး၊ မောင်သန်းဇော်-မနုနုအောင်၊ဦးသောင်းလှ-ဒေါ်တင်ရွှေ၊ ဦးအေးကွန်း-ဒေါ်ချောစု မိသားစုတို့က ကျပ်ငါးထောင်စီနှင့် အများစုပေါင်း၍ ကျပ် ငါးသိန်းလှူဒါန်းကြသည်။ ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ)မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကန်တော်မင်္ဂလာပန်းခြံ (ရွှေတိဂုံတောင်ဘက်မုခ်အနီး) ၌ ပြုလုပ်မည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ၊ ခရိုင်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

မိတ်ဆုံစားပွဲတွင် ရခိုင်မုန့်တီ၊ ဒေသထမင်းဟင်းလျာတို့ဖြင့်ဧည့်ခံကျွေးမွေးပြီး ဒေသထွက် စားသောက်ဖွယ်ရာများကို ဝယ်ယူသုံးဆောင်နိုင်သည့် အစီအစဉ်နှင့် ကာရာအိုကေအစီအစဉ်များပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မြန်မာ့ရိုးရာ ထုပ်ဆီးတိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာ ထုပ်ဆီးတိုးပြိုင်ပွဲကို ရန်ကုန်မြို့ သံလွင်လမ်း အမှတ်(၁၁၃)ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ယမန်နေ့နံနက် ၈ နာရီတွင် ပြုလုပ်သည်။

### တက်ရောက်

အဆိုပါထုပ်ဆီးတိုးပြိုင်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နိုင်ငံ့ဝန်ထမ်းများနှင့်အသိပညာရှင်၊ အတတ်ပညာရှင် ပါမောက္ခ ဒေါက်တာဒေါ်သန်းနုရွှေ၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသော ပါမောက္ခ ဒေါ်ဌေးဌေး၊ ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ပိုပိုကြည်နှင့် လုပ်ငန်းအဖွဲ့ခွဲဝင်များ၊ အလှူရှင်မိသားစုများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးများ အသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဝင်္ကဘာ)နှင့် ကယ်တင်ခြင်းတပ်တို့မှ အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာမများနှင့် သင်တန်းသူများတက်ရောက်ကြသည်။

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့် မြန်မာ့ရိုးရာ ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရအသင်းအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

### လှူဒါန်း

ပြိုင်ပွဲအပြီးတွင် သီရိသုဓမ္မမဏိဇောတရဦးစိုးသိန်း၊ ဇနီး ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း မိသားစုတို့က အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့သို့ အလှူငွေကျပ်ငါးသိန်း၊ အားကစားပြိုင်ပွဲဆုချီးမြှင့်ရန် အလှူငွေကျပ်တစ်သိန်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရှိ ကျောင်းသူများနှင့် အားကစားပြိုင်ပွဲဝင်များအတွက်ငွေကျပ် ၁၆၅၀၀၀၊ မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်မှ အကဲဖြတ်ဒိုင်လူကြီးများအတွက် ငွေကျပ် ၅၀၀၀၀ စုစုပေါင်းငွေကျပ် ၈၁၅၀၀၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရွှေဂွန်းအထက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရွှေဂွန်းအထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)အထက် ဆရာ၊ဆရာမကြီးများအား ဒုတိယအကြိမ်ပူဇော်ကန်တော့ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အထက(၁) ရွှေဂွန်း ခွဲကပင်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆရာ၊ဆရာမကြီးများအနေဖြင့်ဖိတ်စာရသည် ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသူကျောင်းသားဟောင်းများ လာရောက်ဂါရဝ ပြုကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေများကို ဒေါ်မြင့်မြင့်ဝင်း (ကျောင်းအုပ်ဆရာမကြီး အထက ၁၊ ရွှေဂွန်း ဖုန်း-၀၅၈-၂၁၉၈၅၊ ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၅၈-၂၁၀၆၈ နှင့် ဦးဖိုးလုံး-ဒေါ်ကျင်လွမ်း ဖုန်း-၀၅၈-၂၂၀၈၁တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၁၂-၂၀၀၆ (အင်္ဂါနေ့)**

**၁၃၆၈ခုနှစ်၊ ပြာသိုလဆန်း(၈)ရက် (ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ

၈:၁၀ ၇။ အကပြိုင်ပွဲ

၈:၂၀ ၈။ ရွှေလောင်းတံတား

၈:၂၅ ၉။ အတီးပြိုင်ပွဲ

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Let's Go.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၂:၅၀ ၁။ **၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား(ကြည်း၊ရေ၊လေ) ဘောလုံး ပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ)**

၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၅:၀၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၅:၁၅ ၄။ (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်

၅:၂၅ ၅။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၀၀ ၆။ ညနေခင်းသတင်း

၆:၃၀ ၇။ မိုးလေဝသအခြေအနေ

၆:၃၅ ၈။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၃၇)**

၆:၅၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

၆:၀၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း-၂)**

၇:၄၅ ၁၁။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု "နှစ်ဆယ့်လေးမည်ရောင်စုံပွင့်လန်း အလှပန်း" (အပိုင်း-၁)

၈:၀၀ ၁၂။ ပြည်တွင်းသတင်း

၁၃။ နိုင်ငံတကာသတင်းများ

၁၄။ မိုးလေဝသအခြေအနေ

၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း-၁၂)**

၁၆။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်**

၁၇။ နောက်တစ်နေ့အစီအစဉ်

၁၈။ အစီအစဉ်ပြီး၏။



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြသထားသည့် ကင်နွန်ကုမ္ပဏီ၏ ဒီဂျစ်တယ်ကင်မရာသစ် တစ်မျိုးကို ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

## ထိုင်း–လာအို ချစ်ကြည်ရေး တံတားဖွင့်လှစ်

ဗန်ကောက် ဒီဇင်ဘာ ၂၄

ဒုတိယမြောက် တည်ဆောက်သည့် ထိုင်း–လာအို ချစ်ကြည်ရေးတံတားကို ဒီဇင်ဘာ ၂၀ ရက်တွင် တရားဝင်ဖွင့်လှစ်လိုက်သည်။ ယင်းတံတားသည် ထိုင်းနိုင်ငံ မူဒါဟန် ပြည်နယ်နှင့်လာအိုနိုင်ငံ ဆာဗန်နာခက်ပြည်နယ်တို့ကို ဆက်သွယ်ထားသည်။

ထိုင်းနိုင်ငံ မင်းသမီး မဟာချက်ကရီသီရိဒ္ဒန်နှင့် လာအို နိုင်ငံ ဒုတိယသမ္မတ ဘွန်ညံဗိုရာချစ်တို့က နှစ်နိုင်ငံမှ ဝန်ကြီးချုပ်များနှင့် သံတမန်များ၏ ရှေ့မှောက်တွင် တံတားကို ဖွင့်လှစ်ပေးလိုက်ကြောင်း ထိုင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။အဆိုပါတံတားကို ၂၀၀၄ ခုနှစ် မတ်၂၁ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။

တံတားမှာ မီတာ ၁၆၀၀ ရှည်ပြီး အကျယ် ၁၂ မီတာ ရှိ၍ နှစ်လမ်းသွားတံတားဖြစ်သည်။ ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ အကျုံးဝင်သော အရှေ့–အနောက် စီးပွားရေးဒေသစီမံကိန်းတွင် ကုန်းလမ်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်သည်။

ပထမဆုံး တည်ဆောက်သည့် ထိုင်း–လာအို ချစ်ကြည်ရေးတံတားကို ၁၉၉၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ မဲခေါင်မြစ်ကူး ယင်းတံတားသည် ထိုင်းနိုင်ငံ နွန်ခိုင် ပြည်နယ်နှင့် လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်းတို့ကို ဆက်သွယ်ထားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## ကနေဒါတွင် နေအိမ်မီးလောင် နှစ်ဦးသေဆုံး

အော့တဝါ ဒီဇင်ဘာ ၂၄

ကနေဒါနိုင်ငံ အနောက်ပိုင်းရှိ ဝင်နီပက်မြို့တွင် အိမ်တစ်အိမ် ကြာသပတေးနေ့ နံနက်က မီးလောင်မှုကျွမ်းရာ လူနှစ်ဦး သေဆုံးပြီး လူလေးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မင်နီတိုဘာပြည်နယ်၏ မြို့တော် ဝင်နီပက်ရှိ မီးလောင်သွားသော နှစ်ထပ်အိမ်အတွင်းမှ သေဆုံးသူနှစ်ဦး၏ အလောင်းကို တွေ့ရှိသည်ဟု ရဲနှင့် မီးသတ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မီးစတင် လောင်ကျွမ်းချိန်တွင် အဆိုပါအိမ်အတွင်း လူ ၁၂ ဦးထက် မနည်းရှိနေခဲ့သည်။ မီးသတ်သမားများ ရောက်လာသောအခါ လူခြောက်ဦးသည် အိမ်ရှေ့သို့ ဘေးမသီရန်မခ ထွက်လာခဲ့နိုင်သည်။ မီးသတ်သမားများက ဒဏ်ရာရသူ လေးဦးတို့အား ကယ်တင်ထုတ်ယူနိုင်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## နိုင်ငံတကာ သတင်းများ

## ကောက်ရိုးအပူပေး ဓာတ်အားစက်ရုံဖွင့်လှစ်

ပေကျင်း ဒီဇင်ဘာ ၂၄

တရုတ်နိုင်ငံတွင် ပထမဆုံးတီထွင်ပြုလုပ်သည့် ကောက်ရိုးအပူပေး လျှပ်စစ်ဓာတ်အားစက်ရုံကို ကျန်စုပြည်နယ်ရှိ စူကျီယန်ဒေသတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဖွင့်လှစ်လိုက်ကြောင်း တရုတ်စွမ်းအင်ထိန်းသိမ်းရေး ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (စီအီးစီအိုင်စီ)က ပြောကြားသည်။

### ထုတ်ယူနိုင်

ယွမ် ၂၄၈ သန်း(ဒေါ်လာ ၃၁ သန်း) တန်ဖိုးရှိ အဆိုပါ စီမံကိန်းအရ ကောက်ရိုးတန်ချိန် ၁၇၀၀၀၀ မှ ၂၀၀၀၀၀ အထိကို အပူပေးခြင်းဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၃၂ သန်း ထုတ်ယူနိုင် မည်ဖြစ်သည်ဟု အဆိုပါကော်ပိုရေးရှင်း၏ အထွေထွေမန်နေဂျာ ယန်ကျင်ချင်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် နှစ်စဉ် ကောက်ရိုးနှင့် သီးနှံရိုးတံ တန်ချိန် သန်း ၁၄၀ ကို အဝေးပြေးလမ်းမကြီးများအနီးရှိ လယ်ကွင်းများတွင် အလဟဿမီးရှို့လျက်ရှိရာ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အပြင် ယာဉ်မောင်းများနှင့် လမ်းသွားလမ်းလာများအတွက် ကျန်းမာရေးအန္တရာယ်ဖြစ်စေသည်။

ဖော်ပြပါ ဘေးထွက်ပစ္စည်းပမာဏသည် စွမ်းအင် ထုတ်ယူနိုင်မှုအရ ကျောက်မီးသွေးတန်ချိန် သန်း ၁၀၀ နှင့် ညီမျှသည်ဟု ယန်က ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ မိုက်ကရိုဝေ့ဗ်မီးဖိုထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဒီဇင်ဘာ ၂၂ ရက်က တွေ့ရ စဉ်။ (ဓာတ်ပုံ–အင်တာနက်)

## အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦး အီရတ်တွင် သေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာအမေရိကန် စစ်ယာဉ်ပေါ် လိုက်ပါလာသူ မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ကင်းလှည့်လာသော အမေရိကန်စစ်ယာဉ်အနီး လမ်းဘေး ဗုံးတစ်လုံးပေါက်ကွဲခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ထုတ်ပြန်ကြေညာသည်။

အီရတ်စစ်ပွဲစတင်သည့် ၂၀၀၃ ခုနှစ် မတ်လမှ ယနေ့အထိ အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ၂၉၄၅ဦးရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## အမေရိကန်၌ ရေနံစိမ်းဈေးနှုန်း သိသာစွာမြင့်တက်

နယူးယောက် ဒီဇင်ဘာ ၂၄

အမေရိကန်ပြည်ထောင်စုတွင် ရေနံစိမ်းအရန်သိုလှောင်မှု သိသိသာသာ ကျဆင်းခဲ့သဖြင့် ရေနံရောင်းလိုအားအပေါ် စိုးရိမ်မကင်းဖြစ်နေကြစဉ် ဗုဒ္ဓဟူးနေ့တွင် ရေနံစိမ်းဈေးနှုန်း ၆၃ ဒေါ်လာအထက်အထိ မြင့်တက်ခဲ့သည်။

ဇန်နဝါရီလတွင် ဖြန့်ဖြူးမည့် ရေနံစိမ်းအကဲ တစ်ပီပါလျှင် ၆၃ ဒသမ ၇၂ ဒေါ်လာဖြစ်သွားပြီး ၂၆ဆင့် မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီလအတွက် ဖြန့်ဖြူးမည့် မြောက်ပင်လယ်ရေနံစိမ်းသည် ၆၃ ဒသမ ၂၃ ဒေါ်လာဖြစ်ကာ ၄၂ ဆင့် ဈေးတက်ခဲ့သည်။

ဒီဇင်ဘာလကုန်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၏ အရန်ရေနံသိုလှောင်မှု ပီပါ ၆ ဒသမ ၃ သန်း ကျဆင်းကာ ၃၂၉ ဒသမ ၁ သန်းသာ ရှိတော့သည်ဟု စွမ်းအင်ဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## မလေးရှား ရေဘေးကယ်ဆယ်ရေး ပြည်ပအကူအညီ မလိုအပ်ဟု ဆို

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၄

မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဆိုးရွားသော ရေလွှမ်းမိုးမှု အခြေအနေကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်ပအကူအညီယူရန် မလိုအပ်ကြောင်း ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်က သောကြာနေ့တွင် ပြောကြားသည်။

မလေးရှားနိုင်ငံက ရေလွှမ်းမိုးမှု အခြေအနေနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိပြီး ရေလွှမ်းမိုးခံခဲ့ရသည့် ဂျာဟိုး၊ ပါဟန်၊ ကီလန်တန်၊ ဆင်ဘီလန်နှင့် မလက္ကာပြည်နယ်တို့တွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု မလေးရှားကာကွယ်ရေးဝန်ကြီးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ တွန်ရာဇတ်က ဆက်လက်ပြောကြားသည်။

### မလိုအပ်

မလေးရှားက ယင်းပြဿနာအပေါ် ကိုယ်တိုင်ဖြေရှင်းမည်ဖြစ်ကြောင်း၊ ရေလွှမ်းမိုးမှု အခြေအနေသည် တည်ငြိမ်မှုရှိသွားပြီဖြစ်ကြောင်းနှင့် ပြည်ပမှ အကူအညီယူရန် မလိုအပ်ကြောင်း ဘနားမားသတင်းဌာနက တွန်ရာဇတ်ကို ကိုးကား၍ ဖော်ပြသည်။

ရေဘေးအခြေအနေကို တာဝန်ရှိသူများက လျင်မြန်စွာ ဖြေရှင်းနိုင်မှုနှင့် ပတ်သက်၍ သက်ဆိုင်သည့် အာဏာပိုင်များအပေါ် ကျေနပ်မှုရှိကြောင်း၊ သို့ရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် လိုသေးကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

## စင်ကာပူသို့ နိုဝင်ဘာလအတွင်း ခရီးသည်ဦးရေရှစ်သိန်း လာရောက်

စင်ကာပူ ဒီဇင်ဘာ ၂၄

စင်ကာပူနိုင်ငံသို့ ယခုနှစ် နိုဝင်ဘာလအတွင်း လာရောက်သည့် ခရီးသည် စုစုပေါင်းဦးရေသည် ၈၀၀၀၀၀ ရှိရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၁ ဒသမ ၇ ရာနှုန်း တိုးတက်လာကြောင်း စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့ (အက်စ်တီဘီ)က ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။

### လာရောက်

ယခုလတွင် စင်ကာပူသို့ ခရီးသည်ဦးရေအများဆုံးရောက်ရှိသည့် ငါးနိုင်ငံအနက် အင်ဒိုနီးရှား ခရီးသည် အရေအတွက်မှာအများဆုံးဖြစ်ပြီး ခရီးသည် ၁၃၇၀၀၀ လာရောက်ခဲ့သည်။

တရုတ်ခရီးသည် ၈၈၀၀၀၊ မလေးရှား ခရီးသည် ၅၆၀၀၀၊ ဂျပန်ခရီးသည် ၅၂၀၀၀ နှင့် အိန္ဒိယခရီးသည် ၅၁၀၀၀ တို့ လာရောက်ခဲ့ကြသည်။

### ၄၈ ရာနှုန်းရှိ

ယင်းနိုင်ငံများမှ စင်ကာပူသို့ ရောက်ခဲ့သည့် ခရီးသည်ဦးရေသည် ယခုလအတွင်း ခရီးသည် စုစုပေါင်း၏ ၄၈ ရာနှုန်း ရှိသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

မလေးရှားနိုင်ငံ မလက္ကာပြည်နယ်၌ ရေကြီးနေသည်ကို ဒီဇင်ဘာ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



## နိုင်ဂျီးရီးယားတွင် ဓားပြတိုက်မှုများဖြစ်ပွား

**လေဂို့စ် ဒီဇင်ဘာ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးမြို့တော် လေဂို့စ်ရှိ ဘဏ်များကို လက်နက်ကိုင်ဓားပြများက စီးနင်းဝင်ရောက်ပြီး လုယက်ခဲ့ရာ၌ ရှစ်ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

လေဂို့စ်မြို့ အာပါပါဒေသရှိ ဘဏ်ကို ဒေသစံတော်ချိန် နံနက် ၇ နာရီက ဓားပြ ၁၈ဦး ဝင်ရောက်စီးနင်းရာ လူနှစ်ဦးသေဆုံးပြီး ငွေများကို ယူဆောင်ထွက်ပြေးသွားကြကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို သစ္စာဒေးသတင်းစာက ရေးသားဖော်ပြထားသည်။

ထို့နောက် အဆိုပါဓားပြများသည် ဂျုံစက်ရုံများကို ဆက်လက်စီးနင်းရာ ဝန်ထမ်းအချို့ သေဆုံးပြီး ဒဏ်ရာရရှိသူ အများအပြားရှိကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

ဒေသဆိုင်ရာရဲတပ်ဖွဲ့ဝင်များနှင့် ဓားပြများ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီး ဓားပြများ ထွက်ပြေးသွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ပါလက်စတိုင်းအနောက်ဘက်ကမ်းဒေသ ဘက်သလီဟမ်မြို့၌ ဒေသခံပြည်သူများ ခရစ္စမတ်ပွဲတော်ကျင်းပနေသည်ကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

**ဂျာမနီနိုင်ငံ ရမ်ဆူးမြို့၌ ခရစ္စမတ်ပွဲတော်အထိမ်းအမှတ်အဖြစ် သေနတ်ပစ်ဖောက်ဂုဏ်ပြုနေသည်ကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*



## အိန္ဒိယ ရေလုပ်သားများကို ပါကစ္စတန်ပြန်လွှတ်ပေးမည်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၄**

ပါကစ္စတန်နိုင်ငံသည် ခရစ္စမတ်နေ့တွင် အိန္ဒိယရေလုပ်သား ၄၁၄ ဦးကို ပြန်လည် လွှတ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းတို့တွင် ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကာရာချိမြို့ရှိ လန်ဟီထောင်မှ အိန္ဒိယနိုင်ငံသား ကလေး ၃၀ လည်း ပါဝင်ကြောင်း နယူးနက်ဝ်ဝေါ်ခ် အင်တာနေရှင်နယ် (အင်အင်အိုင်) သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြသည်။

ပါကစ္စတန်ရေပိုင်နက်တွင် တရားမဝင်ငါးဖမ်းမှုကြောင့် ၎င်းတို့ကို တစ်နှစ်ကျော်ကြာ ထိန်းသိမ်းထားခဲ့သည်။

ဖမ်းဆီးခံထားရသူ အိန္ဒိယ ငါးဖမ်းသမားများကို ဒီဇင်ဘာ ၂၅ရက်တွင် လာဟိုးမြို့အနီး ဝါးဂါးနယ်စပ်၌ အိန္ဒိယတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

## တရုတ်နိုင်ငံတွင် နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲလူနာများကို ပရဟိတစီမံကိန်းအရ အခမဲ့ခွဲစိတ်ကုသပေးခဲ့

ပေကျင်း ဒီဇင်ဘာ ၂၄

**တရုတ်နိုင်ငံတွင် လွန်ခဲ့သော ရှစ်နှစ်တာကာလအတွင်း ပရဟိတလုပ်ငန်းစီမံကိန်းတစ်ရပ်အရ နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲ ဝေဒနာရှင် ၁၀၁၀၀၀ ကျော်ကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း ပရဟိတလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။**

တရုတ်နိုင်ငံ ပရဟိတဖောင်ဒေးရှင်းနှင့် အမေရိကန်နိုင်ငံ အခြေစိုက် စမိုင်းထရိန်းအမည်ရှိ ပရဟိတလုပ်ငန်းအဖွဲ့တို့ ပူးတွဲလျက် အခမဲ့ကုသပေးရေးစီမံကိန်းတစ်ရပ်ကို လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ စီမံကိန်းအရ ဒေသန္တရအုပ်ချုပ်ရေးဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပြည်နယ်များရှိ အသက် ၄၀ နှစ်အောက် ဆင်းရဲနွမ်းပါးသူ ဝေဒနာရှင်များကို အခမဲ့ကုသပေးခဲ့သည်။

**လုပ်ဆောင်ပေး**

တရုတ်နိုင်ငံတစ်ဝန်း ဆေးရုံ ၁၅၁ ရုံတွင် ရုပ်ပြင်ခွဲစိတ်ကုသမှုလုပ်ငန်းကို အခကြေးငွေမယူဘဲ လုပ်ဆောင်ပေးခဲ့သည်။

ပရဟိတလုပ်ငန်း စီမံကိန်းအရ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ရင်းနှီးမြှုပ်နှံထားကြောင်း၊ လွန်ခဲ့သော ရှစ်နှစ်ကာလအတွင်း တရုတ်ဆရာဝန် ၄၀၀၀ ကျော်ကို သင်တန်းပေးခဲ့ကြောင်း တရုတ်နိုင်ငံအဖွဲ့ခွဲမှ ယင်းစီမံချက်၏ ဦးဆောင်ညွှန်ကြား ရေးမှူး ဗစ်တိုရီယာဇက်မိုက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## မလေးရှား လေဆိပ်များတွင် လုံခြုံရေးအခကြေးငွေ ကောက်ခံမည်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၄**

မလေးရှားနိုင်ငံရှိ လေဆိပ်များတွင် လာမည့်နှစ် ဇန်နဝါရီ ၁၅ ရက်မှစတင်၍ ခရီးသွားများအတွက် လုံခြုံရေးအခကြေးငွေကို စတင်ကောက်ခံတော့မည်ဖြစ်ကြောင်း မလေးရှားလေဆိပ်စီမံခန့်ခွဲရေးအာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပြည်တွင်း လေယာဉ်ခရီးစဉ်အတွက် လုံခြုံရေးအခကြေးငွေအဖြစ် သုံးရင်းဂစ်(သုည ဒသမ ၈၃ ဒေါ်လာ)ဖြစ်ပြီး နိုင်ငံတကာ လေယာဉ်ခရီးစဉ်အတွက် ခြောက်ရင်းဂစ် (၁ဒသမ ၆၇ဒေါ်လာ) ဖြစ်သည်။ လာမည့်နှစ် ဇန်နဝါရီလ ၁၅ ရက်မှ စတင်၍ ကောက်ယူမည်ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ခရီးသွားရန် လေယာဉ်လက်မှတ်ဝယ်ယူထားသည့် ခရီးသွားများနှင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက် နောက်ပိုင်းတွင် ခရီးသွားရန် ယင်းနေ့ရက်မတိုင်မီ ကြိုတင်လက်မှတ်ဝယ်ယူထားသူများအနေဖြင့် လုံခြုံရေးအခကြေးငွေပေးရန်မလိုဟု ဆိုသည်။ အမေရိကန်နိုင်ငံတွင် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းတွင် လေဆိပ်အများအပြား၌ လုံခြုံရေးအခကြေးငွေများကို ခရီးသည်များထံမှ ကောက်ယူခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




## တူရကီ၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**အန်ကာရာ ဒီဇင်ဘာ ၂၄**

တူရကီနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံအနောက်မြောက်ပိုင်း အီဒါနီမြို့နှင့် နိုင်ငံအရှေ့တောင်ပိုင်း ဟက်ကာရီမြို့တို့၌ သီးခြားစစ်ဆင်ရေးနှစ်ရပ်ဆင်နွှဲစဉ် ဘိန်းဖြူ ၁၄၂ ဒသမ ၈ကီလို သိမ်းဆည်းလိုက်ကြောင်း အနာတိုလီယာ သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

**ထိန်းသိမ်း**

အီဒါနီမြို့ ကာပီကူလီ နယ်စပ်စစ်ဆေးရေးဂိတ်တွင် ကုန်တင်ယာဉ်တစ်စီးကို ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာ မီးဖိုများအတွင်း ဝှက်ထားသည့် ဘိန်းဖြူ ၁၀၄ ဒသမ ၆ကီလိုကို တွေ့ရှိခဲ့သည်။ ယင်းကုန်တင်ယာဉ်မှာ မက်ဆီဒိုးနီးယားနိုင်ငံသို့အသွား လမ်းတွင်စစ်ဆေးခံရခြင်းဖြစ်သည်။ လူခြောက်ဦးကိုလည်း ထိန်းသိမ်းလိုက်သည်။

ဟက်ကာရီမြို့၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကားတစ်စီးကို ရပ်တန့်ရှာဖွေရာ အထုပ် ၇၆ ထုပ်အတွင်း ဝှက်ထားသည့် ဘိန်းဖြူ ၃၈ ဒသမ ၂ကီလိုကို မူးယစ်ဆေးဝါးအနံ့ခံ ခွေး၏ အကူအညီဖြင့် တွေ့ရှိခဲ့သည်။ လူခြောက်ဦးကိုလည်း ဖမ်းဆီးလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဗီယက်နမ်တွင် နိုင်ငံတကာလေဆိပ်သစ် တည်ဆောက်မည်

ဟနွိုင်း ဒီဇင်ဘာ ၂၄

**ဗီယက်နမ်နိုင်ငံသည် နိုင်ငံတကာလေဆိပ်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ယင်းလေဆိပ်တည်ဆောက်ခြင်းဖြင့် နိုင်ငံတောင်ပိုင်း ဒွန်နိုင်းပြည်နယ်တွင် နှစ်စဉ် ခရီးသည် သန်း ၁၀၀ အတွက် ဝန်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း လူငယ်အမည်ရှိသတင်းစာက ဒီဇင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြသည်။**

မကြာသေးမီက ဗီယက်နမ်အစိုးရ၏ ဆုံးဖြတ်ချက်အရ ဒွန်နိုင်းပြည်နယ် လောင်သန်မြို့တွင် နိုင်ငံတကာလေဆိပ် ဆောက်လုပ်မည်ဖြစ်ပြီး ယင်းလေဆိပ်ကို ၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဟိုချီမင်းမြို့ရှိ သန်စွန်နက် နိုင်ငံတကာလေဆိပ်ထက် ခရီးသည် ၁၀ ဆ ဝင်ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သန်စွန်နက် နိုင်ငံတကာလေဆိပ်သည် ယခုအခါ ဝန်ဆောင်မှုအများဆုံးသော လေဆိပ်ဖြစ်သည်။ သန်စွန်နက်လေဆိပ်ကို ထောက်ကူနိုင်ရန် ဟိုချီမင်းမြို့မှ ကီလိုမီတာ ၄၀ ခန့်အကွာတွင် လောင်သန်လေဆိပ်ကို ဆောက်လုပ်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ လေကြောင်းလုပ်ငန်းသည် ၂၀၀၅ ခုနှစ်တွင် ကုန်စည်တန်ချိန် ၁၀၄၂၀၀ တန်နှင့် ပြည်တွင်းနှင့်ပြည်ပခရီးသည် ၆ ဒသမ ၃ သန်းကျော်ကို သယ်ယူပို့ဆောင်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကင်ညာ၌ ရောဂါဆန်းတစ်မျိုး ဖြစ်ပွား

**နိုင်ရိုဘီ ဒီဇင်ဘာ ၂၄**

ဆိုးရွားသည့် မိုးခေါင်မှုဖြစ်ပွားခဲ့ပြီးနောက် ရေလွှမ်းမိုးမှုများနှင့် တွေ့ကြုံခဲ့ရသော ကင်ညာနိုင်ငံ မြောက်ပိုင်းဒေသတွင် ထူးဆန်းသောရောဂါတစ်မျိုးကြောင့် ၁၂ဦးထက်မနည်းသေဆုံးကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

နိုင်ရိုဘီမြို့အရှေ့ဘက် ကီလိုမီတာ ၃၀၀ ခန့်ရှိ ဂါရီဆာမြို့အနီး အိဂျာရာဒေသတွင် ထူးဆန်းသော ကူးစက်ရောဂါဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ယင်းရောဂါကူးစက်ခံရသူများသည် ခန္ဓာကိုယ်တစ်ခုလုံးရှိ ဒွါရပေါက်များအားလုံးမှ သွေးများထွက်ပြီး ၄၈ နာရီအတွင်း သေဆုံးသွားကြကြောင်း အထူးအစီအစဉ်များဆိုင်ရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တွမ်နာမာဆာကာက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**မော်လ်တာနိုင်ငံ ဗယ်လက်တာမြို့ ဆင်ခြေဖုံးဒေသ၌ မိုးသီးများကျရောက်ပြီးနောက် လမ်းများပေါ်တွင် သစ်ရွက်များ ဖုံးလွှမ်းလျက်ရှိသည်ကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*



# ကျွန်တော်နှင့်အဖျက်သမားများ

**ဖဒိုအောင်ဆန်း**

(၁)

၁၉၈၈ ခုနှစ် အရေးအခင်းတွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုနှင့် ကောလာဟလသတင်းထုတ်လွှင့်မှုများကို နားယောင်ပြီး ကျောင်းသားလူငယ်အချို့ KNU ဝါးခစခန်းသစ် (ကော်မူးရာ)သို့ တိမ်းရှောင်ရောက်ရှိလာကြပါသည်။ ထိုအချိန်က KNU ဥက္ကဋ္ဌ ဘိုမြသည် ထိုင်းနိုင်ငံ ဇင်းမယ်မြို့တွင် သွားရောက်ဆေးကုသနေသဖြင့် ကျွန်တော်က သူ့ကို အနီးကပ်စောင့်ရှောက်နေရပါသည်။ KNU အတွင်းရေးမှူးက သူတို့ဘာမျှမလုပ်ဆောင်နိုင်သဖြင့် ဥက္ကဋ္ဌထံ ညွှန်ကြားချက်ကို လှမ်း၍တောင်းခံနေပါသည်။ ဥက္ကဋ္ဌက ကျွန်တော့်ကို ချက်ချင်း လွှတ်ပြီး ပြန်စီစဉ်ခိုင်းပါသည်။ ကျွန်တော် ဝါးခစခန်းသစ်သို့ ညနေတွင် ပြန်ရောက်ပြီး နောက်တစ်နေ့ နံနက်စောစောတွင် ကျောင်းသားလူငယ်များကို ခေါ်ယူတွေ့ဆုံပါသည်။ ၎င်းတို့က စားဝတ်နေရေးနှင့် ABSDF လက်နက်ကိုင်အဖွဲ့ကို ဖွဲ့စည်းပေးရန် တင်ပြလာကြသည်။ ယာယီအားဖြင့် သူတို့အတွက် စားဝတ်နေရေးကို စီစဉ်ပေးပါသည်။ ထိုနေ့တွင် ABSDF ဆိုသည့် လက်နက်ကိုင်အဖွဲ့ကို ဖွဲ့ပေးလိုက်ပါသည်။ ဥက္ကဋ္ဌက မောင်မောင်ကျော်ဖြစ်ပြီး အတွင်းရေးမှူးက အောင်နိုင်ဖြစ်ပါသည်။ (အောင်နိုင်ကတော့ နောက်ပိုင်း၌ BBC သန်းလွင်ထွန်း၊ VOA သန်းလွင်ထွန်း စသည်ဖြင့် အသံလွှင့်နေပါသည်။)

ထွန်းအောင်ကျော် ရောက်လာသည့်အခါ မောင်မောင်ကျော်ကိုဖယ်ပြီး ABSDF အဖွဲ့ဝင်များက သူ့ကို ရွေးချယ်လိုက်ပါသည်။ မိုးသီးဇွန် ရောက်လာပြန်ရာ အချိန်ကျရွေးကောက်ပွဲလုပ်ပြီး မိုးသီးဇွန် နိုင်သဖြင့် ဥက္ကဋ္ဌ ဖြစ်သွားပါသည်။ မိုးသီးဇွန်လုပ်တာ အချိုးမကျ၊ မှုမမှန်ခြင်းကြောင့် လေးနှစ်ပြည့် ရွေးကောက်ပွဲမှာရှုံးသွားပြီး ဒေါက်တာနိုင်အောင်က နိုင်တော့ ABSDF အတွင်း အာဏာလုသည့် ပြဿနာအကြီးအကျယ် ဖြစ်ကုန်ကြသည်။ KNU ၊ NDF ၊ DAB ၊ NCUB လူကြီးအချို့မှာ မျှတမှုမရှိကြပါ။ ဒေါက်တာ နိုင်အောင်တို့အဖွဲ့အားလုံး ကံကောင်းထောက်မသဖြင့် အသတ်မခံရခြင်းဖြစ်သည်။ ကျွန်တော် မဲဆောက်ရောက်နေချိန်မို့ KNU ဥက္ကဋ္ဌက လူလွှတ်ပြီး အကြံဉာဏ်တောင်းပါသည်။ ကျွန်တော်က လူတစ်ဦးစီတွင် လက်နှစ်ဖက်ရှိသည့်အတွက် ငါးနှစ်ကောင် ဖမ်းမိထားလျှင် ဟင်းစားပိုရကြောင်း အကြံပေးလိုက်ပါသည်။ ဥက္ကဋ္ဌက ကျွန်တော့်အကြံကို လက်ခံပါသည်။ ဤသို့ဖြင့် ဒေါက်တာနိုင်အောင် ဦးစီးသည့် ABSDF အဖွဲ့နှင့် မိုးသီးဇွန် ဦးစီးသည့် ABSDF အဖွဲ့ နှစ်ဖွဲ့ ကွဲသွားခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့ ငြိမ်းချမ်းရေးရယူပြီး အမိနိုင်ငံကို ပြန်ရောက်ချိန်တွင်မိခင်တစ်ဦးက ၎င်း၏သား တောထဲရောက်သွားပြီး ပြန်မလာခြင်းအတွက် ဝမ်းနည်းကြေကွဲစွာ NLD ပါတီကို ဒေါသတကြီး ဝေဖန်ပြစ်တင်ထားသည်ကို ဆောင်းပါးတစ်ပုဒ်၌ ဖတ်လိုက်ပါရသည်။ မိဘများသည် သားသမီးများ ရေလိုက်မမှားအောင် သတိထား၍ ထိန်းသိမ်းစောင့်ရှောက် သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် တောတွင်း လက်နက်ကိုင်သောင်းကျန်းသူဘဝသို့ တွန်းပို့ခြင်းခံရသော များစွာသော ကျောင်းသား၊ ကျောင်းသူများမှာ မြင်မကောင်း၊ ကြားမကောင်းအောင် အချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ဖားဖားချင်း၊ ငါးငါးချင်း ဇာတ်တူသား စားကြသလိုဖြစ်နေပါသည်။ ကျွန်တော်လည်း ဖခင်တစ်ဦးအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်ကုန်အထိ တောတွင်း၌ အချင်းချင်းအာဏာလုရင်း ABSDF တို့၏ ရက်ရက်စက်စက် အသတ်ခံခဲ့ရသော ABSDF ကျောင်းသူ၊ ကျောင်းသားများအတွက် များစွာဝမ်းနည်းခဲ့ရပါသည်။

(၂)

ABSDF ကို ဖွဲ့ပေးပြီး မကြာမီတွင် အမေရိကန်ပြည်ထောင်စုက လက်သပ်မွေးထားသော တင်မောင်ဝင်းနှင့် ရဲကျော်သူခေါင်းဆောင်သည့် CRDB အဖွဲ့ ရောက်လာပါသည်။ ပြည်ပတွင် စည်းဝါးရိုက်ထားသည့်အတိုင်း အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ကနေဒါ၊ ဂျပန်၊ ဩစတြေးလျနိုင်ငံများမှ ကိုယ်စားလှယ်များလည်း ရောက်လာကြပါသည်။ NDF အဖွဲ့ဝင်အားလုံးနှင့် CRDB အဖွဲ့ပူးပေါင်းပြီး နယ်စပ်မယ်တြိစခန်းတွင် DAB ဆိုသည့် သောင်းကျန်းသူ မျိုးစုံပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။ နောက်ပိုင်းတွင် ပြည်ပြေး NLD များ ရောက်လာရာ DAB နှင့် NLD ပြည်ပြေး ပူးပေါင်းပြီး NCUB ကို ထပ်မံဖွဲ့စည်းလိုက်ပါသည်။ NCUB အပြင် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်နိုင်ရန် NCGUB ဆိုသည့် ပြည်ပြေးများပါဝင်သော စင်ပြိုင်အစိုးရကိုလည်း ဖွဲ့စည်းပြန်ပါသည်။ ဒေါ်စုကြည်၏ တစ်ဝမ်းကွဲအစ်ကို ပြည်ပြေး ဒေါက်တာစိန်ဝင်းက ပြည်ပြေးအစိုးရ ဝန်ကြီးချုပ် လုပ်ပါသည်။

ဘာကြောင့် NCGUB ခေါ်ရသည်ကို ကျွန်တော် ရှင်းပြပါမည်။ ပြည်နယ်၊ တိုင်း အသီးသီးက ထွက်ပြေးပြီး KNU ဗဟိုဌာနချုပ် (မာနယ်ပလော)ကို ရောက်ရှိလာသည့် NLD၊ တခြားပါတီနှင့် တစ်သီးပုဂ္ဂလအရွေးချယ်ခံ ကိုယ်စားလှယ်အချို့ စုပေါင်းပြီး ပြည်ပြေးအစိုးရဖွဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ပြည်တွင်း NLD နှင့် ပြည်ပြေး NLD ဟူ၍ နှစ်ဖွဲ့ကွဲသွားပါသည်။ NLD (LA) က ပြည်တွင်း NLD ကိုရော NCGUB ကိုပါ ဆန့်ကျင်ပါသည်။ နောက်မှ အချင်းချင်း ပြန်ညှိကြပြီး ပြည်တွင်းမှ NLD နှင့် ပြည်ပြေး NLD (LA) ဆိုသည်မှာ တစ်ဖွဲ့တည်းသာဖြစ်ကြောင်း ပြန်လည်ပြောကြားကြ ပါသည်။ ABSDF အဖွဲ့ ကွဲကြ၊ ပြိုကြသကဲ့သို့ NLD (LA) ကွဲကြ၊ ပြိုကြတော့လည်း အချင်းချင်း အာဏာလုဗိုလ်ကျပြီး သတ်ကြ၊ ဖြတ်ကြပြန်ပါသည်။

တစ်ခါတွင် ကျွန်တော် ဗန်ကောက်သို့ရောက်ခိုက် CRDB၊ NLD (LA) နှင့် NCGUB မှ အဖွဲ့ဝင်လူကြီးများ၊ ဝန်ကြီးဆိုသူများက သူတို့အား ညစာကျွေးရန် ကျွန်တော့်အား ပြောလာပါသည်။ ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် စောစောအိပ်ထအကျင့်ရှိသည်ဖြစ်ရာ သူတို့ချိန်းထားသည့် စားသောက်ဆိုင်သို့ အချိန်စောစောသွားပါသည်။ တင်မောင်ဝင်း၊ NCGUB နိုင်ငံခြားရေးဝန်ကြီးဆိုသူ ပီတာလင်းပင်၊ ပြန်ကြားရေးဝန်ကြီးဆိုသူ ဦးလှဖေ စသူတို့ ပါဝင်ခဲ့ကြောင်းသတိရပါသည်။ ကျွန်တော်နှင့်အတူ ညစာစားကြပြီး ကျွန်တော်ကပြန်မည်ဟု ပြောပါသည်။ သူတို့က ဆက်လက် စားသောက်မည်ဆို၍ လိုအပ်သော ငွေပေးပြီး ကျွန်တော်ပြန်ခဲ့ပါသည်။ နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော့်ထံ တယ်လီဖုန်းဆက်ပါသည်။ ယမန်နေ့ညက သန်းခေါင်ကျော်တွင် စားသောက်ပြီး ပြန်ကြရာ NCGUB ပြန်ကြားရေးဝန်ကြီးဆိုသူ ဦးလှဖေ ပျောက်သွားကြောင်း သိရပါသည်။ မူးမူးရူးရူးနှင့် ၎င်းတို့ အချင်းချင်း လုပ်ကြံကြသည်ဟု ကျွန်တော်ထင်ပါသည်။ မကြာမီ တင်မောင်ဝင်းလည်း နှလုံးရောဂါနှင့် ဆုံးသွားကြောင်းကြားရပြန်ပါသည်။ (ကျွန်တော့်အထင်မှာ အင်္ဂလိပ်အက္ခရာ လေးလုံးပါရောဂါနှင့် သေခြင်းသာဖြစ်သည်) ရဲကျော်သူလည်း အရက်သောက်လွန်၍ ရူးပြီး ဆုံးသွားပြန်ပါသည်။

(၃)

ကိုယ့်ဘဝနှင့်ကိုယ် ပျော်ကြသူများရှိသကဲ့သို့ ကိုယ့်ဘဝနှင့်ကိုယ် စိတ်ညစ်နေကြသူများလည်း ရှိပါသည်။ ဥပမာအားဖြင့် ကျောင်းသားဘဝဖြင့် ပညာရေး မွေ့လျော်လိုက်စားကြသူများသည် နောက်ဆုံးတစ်နေ့မှာ ကိုယ်လိုရာ ဘဝပန်းတိုင်သို့ရောက်သွားကြပါသည်။ ကျွန်တော်သည် မိဘက ကျောင်းမပို့နိုင်သောကြောင့် ထင်းခုတ်ရောင်း၊ ရေတွင်းတူး၊ ငါးကန်တူး၊ ကြက်မွေး၊ တံငါလုပ်၊ မှဆိုးလုပ်ပြီး ရသောငွေဖြင့် ကျောင်းနေခဲ့ရပါသည်။ အပျော်ရွှင်ဆုံးဘဝဟု ယူဆကျေနပ်နေခဲ့ပါသည်။ ရိုးသားဖြူစင်သော ကျောင်းသားဘဝလောက် ပျော်စရာရှိတာ လောကတွင် ရှာတွေ့မည်မဟုတ်ပါ။ တောတွင်းလက်နက်ကိုင် သောင်းကျန်းသူဘဝသို့ လမ်းမှားပြီး ရောက်နေကြသည့် ABSDF ဥက္ကဋ္ဌ၊ ခေါင်းဆောင်ဆိုသူများအား အထင်ကြီးစရာမရှိပါ။ သူတို့အားလုံး ဘဝပျက်နေကြပါသည်။ ဝမ်းနည်းဖွယ်ရာများနှင့် ဆုံတွေ့နေကြရပါသည်။ ကျွန်တော့် ကိုယ်တွေ့မျက်မြင်ဖြစ်ပါသည်။

ပထမအသုတ်ပြည်ပြေး NLD များရောက်လာကြပါသည်။ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း စသည်တို့မှ ဖြစ်သည်။ ဦးထွန်းဦး၊ ဦးဘိုလှတင့်၊ ပီတာလင်းပင်၊ ဦးလှဖေ၊ ဦးလှဦးတို့ဖြစ်ပါသည်။ ဒုတိယအသုတ်အနေဖြင့် ဒေါက်တာစိန်ဝင်း၊ ဒေါက်တာစန်းအောင် (တချို့က ဒေါ်စန်းအောင်လို့ခေါ်ကြသည်) ဦးမြင့်အောင်၊ ဦးမောင်မောင်အေးတို့ ဖြစ်ကြပါသည်။ နောက်မှ ရန်ကုန် NLD ဗဟိုဌာနချုပ်က ဦးဝင်းခက် (ယခင်ဦးစောလွင်) ရောက်လာပါသည်။ ယခင် NLD (LA) ကို ဖွဲ့စည်းစဉ်အခါက နှစ်ဦးသာရှိသည့်အတွက် ဘာမျှမလုပ်တတ်ဘဲ ဖြစ်နေစဉ် ဦးဝင်းခက်ရောက်လာတော့ သူ့ကို ဥက္ကဋ္ဌတင်ပါသည်။ ကိုသန်းထွဋ်၊ ကိုအောင်စောဦးနှင့် ဦးလှဖေ (ခ)ဦးဇော် (ဘီဘီစီသတင်းထောက်) တို့ ထပ်ရောက်လာပြန်သည်။ ဗကပအနွယ်ဝင်တချို့လည်း ပါဝင်ပါသည်။ ဦးဝင်းခက် လုပ်တာကို အများကလက်မခံတော့ လေးနှစ်ပြည့်ပြီး ရွေးကောက်ပွဲမှာ ဗကပအနွယ်ဝင်များက ဦးဝင်းခက်ကို ဖြုတ်လိုက်ကာ ကချင်ပြည်နယ်မှ ဦးတင်အောင်ကို ဥက္ကဋ္ဌတင်လိုက်ကြသည်။ ဦးဝင်းခက် ရူးမတတ်ဖြစ်နေသဖြင့် ကျွန်တော်ကပဲသူ့အတွက် DAB ဥက္ကဋ္ဌထံ ထောက်ခံစာ ယူပေးခဲ့ရသည်။ ဦးဝင်းခက် နိုင်ငံခြားသို့ထွက်သွားကာ လိုက်လံတောင်းစားပြီး အသက်ရှင်နေရပါသည်။ ယခုတော့ ပြည်ပသတင်းဌာန အဆိုအရ NLD (LA) တွင် ဦးဝင်းခက်ဥက္ကဋ္ဌပြန်ဖြစ်ပြီး ဦးတင်အောင်က ဒုတိယဥက္ကဋ္ဌဖြစ်နေပြန်ပါသည်။

တိုင်းပြည်အတွက် အလွန်ဝမ်းသာစရာ အကောင်းဆုံးတစ်ခုရှိပါသည်။ အကြောင်းကတော့ ဒေါက်တာစိန်ဝင်း ဦးဆောင်သော NCGUB အဖွဲ့ဝင် ဝန်ကြီးဆိုသူများမှာ နိုင်ငံရေးဆိုတာ အဖြူလား၊ အမည်းလား မသိကြပါ။ အမောင်တောင်မှန်း၊ မြောက်မှန်းမသိ ဖြစ်နေကြပါသည်။ ဆရာဝန်ပေါက်စ၊ အင်ဂျင်နီယာပေါက်စ၊ ရှေ့နေပေါက်စများသာ ဖြစ်ကြပါသည်။ NLD အမည်ခံပြီး လွန်ခဲ့သော ၁၅နှစ်ကျော်က ရွေးကောက်ပွဲတွင် အချောင်အနိုင်ရခဲ့ခြင်းသာဖြစ်ပါသည်။ သူတို့သာ တရားဝင်အစိုးရတက်လုပ်ပါက (သို့မဟုတ်) သူတို့ကိုသာ မှားယွင်းစွာ တာဝန်လွှဲအပ်မိပါက တိုင်းပြည်ကတော့ ချောက်ထဲကျဖို့ သေချာပါသည်။

(၄)

အဖျက်သမားများကိုတော့ "ရက်စက်ပါပေ့" ဟူ၍ ပြောလိုပါသည်။ ကျွန်တော်အမိနိုင်ငံကို ပြန်လာတော့ အဋ္ဌမတန်းကျောင်းသားလေး မောင်ဘူးသည် ကျန်ရစ်ခဲ့သည့်အဖွဲ့၏ လုံခြုံရေးတာဝန်ခံ ဗိုလ်ကြီးစောကြည်အောင်နှင့်အတူ ပစ္စည်းစောင့်နေခဲ့ပါသည်။ ကျွန်တော်တို့နေထိုင်ရာစခန်းသို့ ထိုင်းစစ်တပ်နှင့် KNU များ ဝင်စီးရာ လုံခြုံရေးတာဝန်ခံနှင့် သူ့ရဲဘော်များက လက်နက်ချပါသည်။ အဋ္ဌမတန်းကျောင်းသားလေး မောင်ဘူးမှာ လက်နက်မရှိပါ။ သို့ရာတွင် သူ့ကို မသက်သာမှုဖြင့် ရက်စက်စွာ သတ်ဖြတ်ပြီး ချောင်းထဲပစ်ချခဲ့ကြပါသည်။

ကျွန်တော်နှင့် ဆွေမျိုးတော်စပ်သူ တစ်ဦးကိုလည်း ဖမ်းဆီးသွားပြီး အရေးယူခံလိုက်ပါသည်။ ၎င်းသည် ဘုမသိ၊ ဘမသိနှင့် တမင်သက်သက်နှိပ်စက်ခြင်းခံရပါသည်။ သူသည်ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်စားသောက်နေသူဖြစ်ပါသည်။ ကားမောင်းတတ်သည်။ ဇင်းမယ်၊ ဗန်ကောက် အစရှိသော မြို့များသို့ KNU လူကြီးများ သွားလာရာတွင် နေ့ရော ညပါ ပို့ဆောင်ပေးပါသည်။ သူ့ကို ဓားမြှောင်ဖြင့် ထိုး၊ သေနတ်ဒင်ဖြင့်ရိုက် နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ပါသည်။ ညအချိန်တွင် ခြေရောလက်ပါ ချည်နှောင်ပြီး အိပ်စေပါသည်။ လူကပိန်ချုံးပြီး ရူးသွားမည့်အခြေအနေတွင် လွှတ်လိုက်ပါသည်။ သူ့အိမ်ပေါ်ရှိ ပစ္စည်းအားလုံးကို သိမ်းယူပြီး ဇနီးနှင့် သားသမီးများကို အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် နှင်ထုတ်ခဲ့ပါသည်။ ထိုင်းရွာသူ၊ ရွာသားများက စောင့်ရှောက်၍သာ သူတို့မိသားစု ချမ်းသာရာရပါသည်။ သူ့ကိုအချိန်အတော်ကြာ ကုသပြုစုခဲ့ရပါသည်။

(၅)

လူဆိုသည်မှာ ပွင့်ချိန်တန်လျှင်ပွင့်ရသည်။ သီးချိန်တန်လျှင် သီးရသည်။ လူပျိုကြီး အပျိုကြီးများ သတိထားသင့်သည်။ ညနေစောင်းမှ စပါးလှန်းလျှင် ခြောက်မည် မဟုတ်ပါ။ ဥပမာအနေဖြင့် ပြောရလျှင် မာနယ်ပလောသို့ ရောက်လာသည့် မောင်လှ (လူပျိုကြီး)ကို NCGUB က ရုံးအုပ် တာဝန်ပေးပါသည်။ မဝင်း (အပျိုကြီး)ကိုတော့ NLD က ဆက်သွယ်ရေး တာဝန်ခံလုပ်စေသည်။ မောင်လှနှင့် မဝင်း မေတ္တာမျှပြီး လက်ထပ်လိုလာကြပါသည်။ သို့ရာတွင် NCGUB ဒေါက်တာစိန်ဝင်းနှင့် NLD (LA) ဦးဝင်းခက်တို့ ပြည်ပြေးအချင်းချင်းမတည့်ဘဲ ရန်စောင်နေကြတော့ မောင်လှနှင့်မဝင်း လက်ထပ်ရန် သူတို့ကခွင့်မပြုကြ။ ဘယ်လိုမှ သူတို့နှင့် ညှိလို့မရဖြစ်နေပါသည်။ အချိန်တွေကြာလာတော့ မောင်လှက ကျွန်တော့်ဆီလာပြီး NLD က လူကြီးတွေကို သူလုပ်ကြံပြီး သူနှင့် မဝင်း ထွက်ပြေးမည်ဟု ပြောလာပါသည်။ ကျွန်တော်က ဖျောင်းဖျနှစ်သိမ့်ပြီး အိမ်ထောင်ချပေးမယ်။ အသာလေးငြိမ်ငြိမ်နေပါ။ အိမ်တစ်လုံး ဆောက်ပေးမယ်ဟု ပြောရသည်။ မောင်လှကလည်း ကျွန်တော့်အကြောင်း သိထားတော့ ကျေနပ်စွာဖြင့် ပြန်သွားပါသည်။ သူ့ချစ်သူ မဝင်းကိုလည်း ပြန်ပြောခိုင်းပါသည်။ (ကျွန်တော်နှင့် ကျွန်တော့်ဇနီး (အမိုး) တို့သည် လူငယ်များ ချစ်ကြိုက်ကြသည်ဆိုလျှင် တစ်ခါတစ်ရံ ၁၀ တွဲအထိ ကိုယ့်စရိတ်နှင့်ကိုယ် လက်ထပ်ပေးခဲ့ပါသည်)

နောက်တော့ မောင်လှနှင့် မဝင်းတို့အား မဲဆောက်မြို့ကို တစ်လှည့်စီ လွှတ်ပြီး အဝတ်အစားဝယ်ခိုင်းပါသည်။ အိမ်ဆောက်ပြီးလို့ KNU ဥက္ကဋ္ဌနှင့် ဗဟိုလူကြီးများကို လက်ထပ်ပွဲအတွက် သွားဖိတ်ကြပါသည်။ ထို့နောက် ဒေါက်တာစိန်ဝင်းအဖွဲ့နှင့် ဦးဝင်းခက်အဖွဲ့ကိုလည်း ဖိတ်လိုက်ပါသည်။ KNU ဥက္ကဋ္ဌက အားလုံးသွားရမယ်ဟု ပြောထားသဖြင့် အားလုံးလာကြပါသည်။ ထူးခြားသည်မှာ လက်ထပ်ပွဲတွင် ဒေါက်တာစိန်ဝင်းအဖွဲ့သာ အိမ်ပေါ်တက်ထိုင်ပြီး ဦးဝင်းခက်နှင့်အဖွဲ့သည် အိမ်အောက် ဗာဒံပင်အရိပ်ခုံတန်းရှည်မှာ ထိုင်ကြပါသည်။ အိမ်ပေါ်တက်ရန် ခေါ်၍မရပါ။ KNU ဗဟိုလူကြီးထဲတွင် ဘုန်းကြီးလူထွက်တစ်ယောက်ပါသဖြင့် လက်ထပ်ပွဲ အဆင်ပြေသွားပါသည်။ KNUဥက္ကဋ္ဌက လက်ထပ်ပေးပြီး ဒေါက်တာ စိန်ဝင်းက သတို့သားဘက်၊ ကျွန်တော်က သတို့သမီးဘက် သက်သေ လက်မှတ်ထိုးကြပါသည်။

လက်ထပ်ပွဲတွင် ကျွန်တော်မွေးထားသော နွား၊ ဆိတ်၊ ကြက်ဆင်သား ဟင်းလျာများဖြင့် ဧည့်ခံ ကျွေးမွေးပါသည်။ ဒေါက်တာစိန်ဝင်းနှင့် အဖွဲ့ စားပြီး အပြန်တွင် သူတို့အတွက် ဟင်းချိုင့်တစ်လုံးထည့်ပေးလိုက်သည်။ ပြီးမှ ဦးဝင်းခက်နှင့်အဖွဲ့ အိမ်ပေါ်တက်လာပြီး ထမင်းစားကြပါသည်။ သူတို့ကိုလည်း ချိုင့်တစ်လုံးနှင့် ဟင်းများ ထည့်ပေးလိုက်ပါသည်။ မိုးချုပ်ခါနီးတွင် သတို့သားနှင့် သတို့သမီးနှစ်ဦးကို ကျွန်တော်ဆောက်ပေးထားသည့်အိမ်သို့ ကိုယ်တိုင် လိုက်ပို့ပေးလိုက်သည်။

နောက်မကြာမီ မဝင်းတွင် ကိုယ်ဝန်ရှိလာသည်။ နောက်တော့ နေ့စေ့လစေ့ဖြစ်လာသည့်အခါ ကျွန်တော့်သမီးကို ထိုင်းနိုင်ငံ မဲစရင်းမြို့ (မိုင်းကုံးကြီးမြို့) သို့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧





# သာသနာရေးဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် ခရစ်စမတ်ပွဲတော်တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြား

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ခရစ်တော်ကို မျှော်လင့်သော သတ္တမနေ့ အသင်းတော်ကကြီးမှူး ကျင်းပသည့် ခရစ်စမတ်ပွဲတော်တွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၅

**ခရစ်တော်ကို မျှော်လင့်သောသတ္တမနေ့အသင်းတော်က ကြီးမှူးကျင်းပသည့် ခရစ်စမတ်ပွဲတော်ကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းအမှတ်(၆၈)ရှိ ခရစ်တော်ကိုမျှော်လင့်သော သတ္တမနေ့အသင်းတော်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။**

### စုပေါင်းသီဆို

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများက ဓမ္မသီချင်းကို စုပေါင်းသီဆို၍ ချီးမွမ်းပြီး သိက္ခာတော်ရ ဦးကက်နက်ထန်ဆွန်ဇာနန်းက အဖွင့်ကောင်းကြီး တောင်းခံသည်။ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သတ္တမနေ့ အသင်းတော်သာသနာ အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဦးမူးလာကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ကျေးဇူးတင်စကား

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သတ္တမနေ့အသင်းတော် သာသနာအဖွဲ့ချုပ် အတွင်းရေးမှူး သိက္ခာတော်ရ ဦးမဲမရီထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ခရစ္စမတ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်တော်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ သတ္တမနေ့ အသင်းတော် သာသနာအဖွဲ့ချုပ် ဘဏ္ဍာရေးမှူးဦးနန်ဒိုဒါးလ်က ခရစ္စမတ်လက်ဆောင်များပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အတွက် စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၁ရက်ကရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ကျင်းပရာ အလှူရှင် ဦးရှောင်စန်း (Yangon Crown Wire Co., Ltd.) မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး လက်ခံရယူစဉ်။** (က-ပ)

✧ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

လိုက်ပို့စေကာ ဆေးရုံတွင်မီးဖွားပေးလိုက်ပါသည်။ ယောကျာ်းကလေးပါ။ သူ့နာမည်ကို မောင်လှဝင်းအောင်ဆန်း၍ မှည့်ပေးလိုက်ပါသည်။ ကျွန်တော့်နာမည်က ဖဒိုအောင်ဆန်းမဟုတ်လား။ ယခုတော့ မောင်လှဝင်းအောင်ဆန်းတစ်ယောက် နိုင်ငံခြားတိုင်းပြည်တစ်ပြည်ကိုရောက်ရှိနေပြီဖြစ်သည့်အတွက် Bill အောင်ဆန်း(သို့) George အောင်ဆန်းများဖြစ်သွားပြီလား မပြောတတ်တော့ပါ။

**(၆)**

၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် KNU ဌာနချုပ် မာနယ်ပလောကျသွားသည်။ KNU ဗဟိုစီးပွားရေးဌာနမှူးကြီးတစ်ယောက်အနေနှင့် ငွေရရန် လမ်းစရှာရပါသည်။ မိတ်ဆွေတစ်ဦး၏ အကြောင်းကြားချက်အရ ထိုင်း-ကမ္ဘောဒီးယားနယ်စပ်တွင် သတ္တုများတူးဖော်ရန် မြေတူးစက်အသစ်တစ်စီးနှင့် လိုအပ်သော အခြားကိရိယာများဝယ်ပြီး သွားရောက်တူးဖော်ခဲ့ပါသည်။ ဗန်ကောက်မြို့တွင် ကျောက်မျက်ရတနာ ကုမ္ပဏီတစ်ခုကိုလည်း ထူထောင်ခဲ့ပါသည်။ တစ်လအတွင်း ပတ္တမြားများ တူးဖော်ရရှိခဲ့ပါသည်။ ပတ္တမြားအလုံးလေးများထဲမှ လက်ညှိုးထိပ်လောက် ပတ္တမြားတစ်လုံးရရှိခဲ့ပါသည်။ ထိုပတ္တမြားကို ထုပ်ပြီး ဗန်ကောက်မြို့ရှိ ကုမ္ပဏီရုံးခန်း မီးခံသေတ္တာတွင်ထားရှိပါသည်။

ထိုအချိန်တွင် အသိတစ်ယောက်က ကျောက်မျက်ရတနာ ကျွမ်းကျင်သူတစ်ဦးနှင့်မိတ်ဆက်ပေးပါသည်။ လိုအပ်သည့်အတွက် သူ့ကို လခစားအနေနှင့် အလုပ်ခန့်ပေးပါသည်။ ထိုသူသည် မကြာမီအတွင်း ကုမ္ပဏီ၏ ထိုင်းဒါရိုက်တာတစ်ဦးနှင့်ပေါင်းပြီး ကုမ္ပဏီအထွေထွေ မန်နေဂျာထံမှ အဆိုပါပတ္တမြားကို ရောင်းရန်အတွက်ဟုဆိုကာ လိမ်ယူသွားပြီး ပေါ်မလာတော့ပါ။ ထိုသူမှာ အခြားသူမဟုတ်ပါ။ BBC/ VOA အသံလွှင့်ဌာနများက နိုင်ငံရေးသမားဖြစ်သယောင် အမွှမ်းတင်ထုတ်လွှင့်ပြီး ပြည်ပ ဆရာကြီးများနှင့် ILO တို့က သူကောင်းပြုထားသည့် ပြည်သစ်ညွှန့်ဝေ (ခ) မောင်မောင်ဖြစ်နေပါသည်။ သူသည် ပတ္တမြားများကို အလွဲသုံးစားပြုရောင်းချပြီး နိုင်ငံကူးလက်မှတ် (Passport)အတု လုပ်၍ အမေရိကန်သို့ ထွက်ပြေးသွားပါသည်။ ယခုတော့NCUB အတွင်းရေးမှူးနှင့် FTUB အတွင်းရေးမှူးဖြစ်နေပြန်ပါသည်။ နောက်မှ သိရသည်မှာပြည်သစ်ညွှန့်ဝေ (ခေါ်)မောင်မောင်သည် မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနတွင် ဝန်ထမ်းလုပ်ခဲ့စဉ် ပြစ်မှုကျူးလွန်ပြီး ဝရမ်းပြေးနေသူတစ်ဦးဖြစ်ကြောင်း သိလိုက်ရပါသည်။

အမေရိကန်ကတော့ သူတို့အသုံးချလို့ရသူဖြစ်ပါက ခေါ်ထားလိုက်ပါသည်။ နှစ်ယောက်တစ်ပိုင်းနှင့် အဖွဲ့ကိုလည်း လက်ခံပါသည်။ (နှစ်ယောက် တစ်ပိုင်းတည်းတွင် တစ်ယောက်က ရူးသွပ်သွပ်ဖြစ်နေပါသေးသည်)။ ၎င်းတို့အသုံးချ၍ ရမည်ဆိုပါက ၎င်းတို့ အလွန်မုန်းတီးသော ကွန်မြူနစ် ဗကပကိုလည်း လက်ခံမွေးမြူပါသည်။ ဗကပခေါင်းဆောင်တစ်ဦးက အင်္ဂလန်သူနှင့်ရတော့ ပြည်သူ့လွတ်တော် လွတ်မြောက်ရေးပါတီ (PLF) ဆိုသည်ကို ၎င်းတို့ဇနီးမောင်နှံနှစ်ဦးနှင့်ပင် ဖွဲ့လိုက်ပါသည်။ အမေရိကန်ကလက်ခံပြီး အကူအညီထောက်ပံ့ပေးနေပါသည်။ အဆိုပါဇနီးမောင်နှံမှာ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည့်အတွက် အမည်မဖော်လိုပါ။

ထိုင်းနိုင်ငံရှိ အမေရိကန်ထောက်လှမ်းရေး (CIA)က အမေရိကန်နိုင်ငံသား ကိုယ်စားလှယ်မှတစ်ဆင့် ကျွန်တော့်ကိုမှာသဖြင့် သွားတွေ့ခဲ့ဖူးပါသည်။ ကျွန်တော့်ကို KNU ကိုယ်စားလှယ်အဖြစ် အမေရိကန်နိုင်ငံတွင် သွားရောက်ရုံးဖွင့် နေထိုင်ရန်ပြောပါသည်။ အမေရိကန်နိုင်ငံတွင် သွားရောက်နေထိုင်သည့် အခြားအဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ်များနှင့်လည်းတွေ့ပေးပါသည်။ ထိုကိုယ်စားလှယ်များ၏နိုင်ငံကူးလက်မှတ် (Passport)နှင့် ပြည်ဝင်ခွင့်လက်မှတ် (Visa) ကိုလည်း ထုတ်ပြပါသည်။ ကျွန်တော်က ယခင်ကတည်းက အမေရိကန်မြေကို တစ်သက်တာတွင် ခြေမချဟု သန္နိဋ္ဌာန်ချထားခဲ့သူဖြစ်ပါသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်ချဲ့ လက်သစ်လုပ်နေသည့်နိုင်ငံဖြစ်သည်။ ထို့အပြင် သူတစ်ပါးနိုင်ငံများကို စစ်ရေးအရအနိုင်ကျင့်သည်။ အခြားတိုင်းပြည်များရှိ ပြည်သူ အမြောက်အမြားကို သေကျေပျက်စီးဒုက္ခဖြစ်စေသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများထဲတွင် အမေရိကန်နိုင်ငံသည် လူ့ယဉ်ကျေးမှု စရိုက်အပျက်စီးဆုံးနိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံသည် ကလေးသူငယ်များကို အဓမ္မကျင့်၊ သတ်ဖြတ်မှု မြောက်မြားစွာရှိသော နိုင်ငံတစ်ခုဖြစ်နေသည်။ ထို့ကြောင့် စဉ်းစားဦးမည်ဟုပြောပြီး ပြန်လာခဲ့ပါသည်။

ယခုတော့ အမိနိုင်ငံကို ပြန်ရောက်ပြီး အေးမြသော ငြိမ်းချမ်းရေး၏ အရသာကို ခံစားစံစားနေရပါသည်။ ကျွန်တော်တို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နေပါသည်။ အမျိုးသားညီလာခံကို ကိုယ်စားလှယ်တစ်ဦးအနေဖြင့်လည်း ဂုဏ်ယူဝင့်ကြွားစွာ တက်ရောက်နေပါသည်။ ကျွန်တော် ကြုံတွေ့ခဲ့ရသော ပြည်တွင်း၊ ပြည်ပအဖျက်သမားများ အကြံအစည်နှင့် အဖျက်လုပ်ရပ်များကို ပြည်သူများသိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

## ငှက်ဆိုးထိုးသံ ဒို့လက်မခံ

**မြန်မာပြည်သား၊ လူအများတို့**
**တိုင်းကားပြည်ကျိုး၊ လွန်သယ်ပိုး၍**
**အားကြိုးမာန်တက်၊ စီမံချက်ဖြင့်**
**ဆောင်ရွက်နေ့ည၊ မအားရအောင်**
**လုံ့လနှင့်ဖွဲ့၊ တူစုံတွဲလျက်**
**ခက်ခဲကျော်လွှား၊ လမ်းတံတားနှင့်**
**ဆည်များကျောင်းကန်၊ စေတီရာမ်ပြင်**
**မိုးပျံတိုက်ခန်း၊ ဈေးတိုက်ခန်းနှင့်**
**လေလမ်းလေဆိပ်၊ သင်္ဘောဆိပ်များ**
**ကားဂိတ်များဆောက်၊ အံ့သြလောက်အောင်**
**ထက်အောက်ပြည်ခွင်၊ အလှဆင်၍**
**အားအင်ဖြည့်စွက်၊ လွန်ညဥ့်နက်မှ**
**အိပ်စက်နားနေ၊ အပန်းဖြေပြီး**
**တက်နေအခါ၊ ကျက်သရေဖြာ၍**
**သာယာမြူးကြွ၊ ရွှင်ပျကျန်းမာ**
**စိတ်ချမ်းသာလျက်၊ မေတ္တာပွားကာ**
**နိုးကြားလာသည့်၊ မင်္ဂလာပျံ့သင်း**
**နံနက်ခင်းမှာ ခံပြင်းစရာ**
**စိတ်ယုတ်မာဖြင့် မုသာဝါဒ**
**ပိသုဏာနှင့်၊ ဖရုသဝါစာ**
**တဖြာသမ္ဖပ္ပလာပ၊ လေး၀ ဝစီ**
**ညစ်ပလီဆိုး၊ မျိုးရိုးမမှန်**
**ပင်-မသန်ဘဲ၊ ဆင်ကြံ ကြံလျက်**
**မှန် မထွက်သည့်၊ အဖျက်ထိပ်ခေါင်**
**သံကြောင်သံသေး၊ သံလေးသံအ**
**ခွေးအ-လှည်းနင်း၊ လုပ်ဇာတ်ခင်းလျက်**
**သတင်းဖျက်သည့်၊ လက်သစ်ကိုလိုနီ**
**ဘီဘီစီနှင့်၊ ဒီဗွီဘီ စွက်**
**အာရ်အက်ဖ်အေ၊ ဗွီအိုအေ မှီ**
**မီဒီယာမျိုး၊ ငှက်ဆိုးထိုးသံ**
**မနာခံဘဲ၊ အမှန်တရား**
**လက်ကိုင်ထားပြီး၊ နိုးကြားအသိ**
**မြဲသတိဖြင့်၊ သတ္တိကိုမွေး**
**မာန်ကိုသွေး၍၊ အရေးသုံးပါး**
**ဦးထိပ်ထားကာ၊ မြန်မာပီပီ**
**ဇာနည်စိတ်ထား၊ စွမ်းရည်များသွင်း**
**အားမာန်တင်းလျက်၊ ပြည်တွင်း၊ပြည်ပ**
**ရန်ဟူသမျှကို ၊ လုံးဝမကျန်**
**အောင်မြင်ရန် ၊ တွန်းလှန်တိုက်ထုတ်ကြပါစို့။ ။**

**ရွှေခြံ-မွေးကြိုင်(ဥပဒေ)**

## ဆေးတက္ကသိုလ်(၁)ရန်ကုန် အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသူကျောင်းသားဟောင်းများ (၁၉၇၆-၈၂)၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၆ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အာစရိယပူဇော်ပွဲနှင့် ညနေ ၆ နာရီခွဲတွင် မိတ်ဆုံစားပွဲကို ဝါးတန်းလမ်း၊ ပင်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ပါရန် ဖိတ်ကြား ထားကြောင်း သိရသည်။ (က-ပ)

## အထက သုဝဏ္ဏ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(သုဝဏ္ဏ)၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၇ရက် နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့်ပြီး အငြိမ်းစား ဆရာ၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

ထို့အပြင် အာစရိယပူဇော်ပွဲအထိမ်းအမှတ် မိတ်ဆုံစားပွဲကို အဆိုပါနေ့ညနေ ၅ နာရီတွင် ဝေဇယန္တာလမ်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)အနီး စကိတ်ကွင်းရှိ Glory Garden Restaurant၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးထွန်းမင်း(ကျောင်းအုပ်ကြီး)ဖုန်း-၅၆၃၆၆၇၊ ဦးစိုးပိုင် ဖုန်း- ၅၇၀၄၄၀၊ ဒေါ်ရီရီမြင့် ဖုန်း-၅၆၅၂၄၇၊ဦးဥက္ကာအေး ဖုန်း-၀၉-၅၁၄၄၀၂၃ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

✱ ရှေ့ဖုံးမှ

ယင်းနောက် တိုင်းမှူးက စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူးသည် ဖောင်ကြီးအရှေ့စံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာစာကြည့်တိုက်အတွင်း ကြည့်ရှုကြသည်။

## စာကြည့်တိုက်အတွက်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က စာကြည့်တိုက်အတွက် တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာလူထုက လှူဒါန်းသည့် သုတရသ စာအုပ်မျိုးစုံ ၄၃၅ အုပ်နှင့် လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်တို့က လှူဒါန်းငွေ ကျပ်တစ်သောင်းစီတို့ကို စာကြည့်တိုက် တာဝန်ခံထံ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ စားဖိုဆောင်သီးနှံ ၁၀မျိုး ၁၀ပေါင် စင်တစ်စင် စိုက်ခင်းတို့ကို ကြည့်ရှုအားပေးကြသည်။

## အဆိုပြုလွှာပေးအပ်

ဆက်လက်၍ စံပြကျေးရွာဖွင့်လှစ်ခြင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက စံပြကျေးရွာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ ပေးအပ်သော ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို လက်ခံပြီး လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်နှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအတွက် အရင်းမပျောက် မတည်ငွေ ကျပ်တစ်သိန်းစီကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများထံ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



## ထူးခြားသည့် ညအပူချိန်များ

၂၅–၁၂–၂၀၀၆

| | | | |
|---|---|---|---|
| နမ့်စန် | – | ၀ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | – | ၃ | ဒီဂရီစင်တီဂရိတ် |
| ရန်ကုန် | – | ၁၅ | ဒီဂရီစင်တီဂရိတ် |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၆–၁၂–၂၀၀၆ (အင်္ဂါနေ့)

#### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

#### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်"(အပိုင်း–၃)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၁၈။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Manchester United Vs Wigan Athletic (Live)**
  - ၁၉။ သင့်အတွက်မနက်ဖြန်
  - ၂၀။ အပိတ်နှုတ်ဆက်စကား
  - ၂၁။ ပြီးပါပြီ။

## အင် တာ နက် စွမ်း အင် သ တင်း

# ဗြိတိန်နိုင်ငံ၌ နွားချေးကို အသုံးပြုပြီး မွေးမြူရေးခြံသုံး လျှပ်စစ်မီးရရန် ဆောင်ရွက်

လန်ဒန် ဒီဇင်ဘာ ၂၅

**ဗြိတိန်နိုင်ငံ မြောက်ရော့ပ်ရှိုင်းယားကောလိပ်ရှိ နွားမွေးမြူရေးခြံမှ နွားချေးများကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ပြန်လည်အသုံးချကြောင်း သိရသည်။**

ထိုကောလိပ်မွေးမြူရေးခြံမှ ထွက်လာသော နွားချေးများမှ မီသိန်းဓာတ်ငွေ့ထုတ်လုပ်ပေးသော ချေဖျက်ခန်းအတွင်း ထည့်သွင်းပေးသည်။ ယင်းမီသိန်းဓာတ်ငွေ့ကို မွေးမြူရေးခြံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးသည့် လျှပ်စစ်ဓာတ်အားထုတ်စက် ဂျင်နရေတာကိုမောင်းရာ၌ လောင်စာအဖြစ် ပြန်လည်အသုံးချသည်။

ဤနည်းအားဖြင့် ကောလိပ်မွေးမြူရေးခြံသည် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၅၀၀ ထုတ်လုပ်ပေးသဖြင့် စရိတ်ပေါင်ငွေ ၇၅၀၀ မျှ သက်သာကြောင်း မွေးမြူရေးခြံ မန်နေဂျာ အာဒရီယန့်ဝ္လိုင့်သ်က ပြောကြားသည်။

ဖော်ပြပါနည်းအားဖြင့် မွေးမြူရေးခြံမှ နို့နှင့် နို့ထွက်ပစ္စည်းကို ရရှိသည့်အပြင် ယင်းခြံအတွက် လိုအပ်သော လောင်စာကိုလည်း မွေးမြူရေးနွားများမှ ပြန်လည်ရရှိနိုင်သဖြင့် များစွာအကျိုးရှိလှ ကြောင်း၊ နွားများအား ကျွေးလိုက်သမျှကို အလေအလွင့်မရှိစေဘဲ အကုန်အစင် ပြန်လည်အသုံးချသည့်သဘောပင် ဖြစ်ကြောင်း မန်နေဂျာဝ္လိုင့်သ်က ဆက်လက်ပြောကြားသည်။

ဗြိတိန်နိုင်ငံရှိ လုပ်ငန်းအမျိုးမျိုးမှထွက်ရှိသော ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များအနက် မွေးမြူရေးခြံများမှထွက်သော မီသိန်းဓာတ်ငွေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဗြိတိန်မှထွက်သော ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏ စုစုပေါင်းအနက် မွေးမြူရေးခြံများမှထွက်သော မီသိန်းဓာတ်ငွေ့မှ ၁၇ ရာခိုင်နှုန်းမျှ ပါဝင်သည်ဟု ဆိုသည်။

မြောက်ရော့ပ်ရှိုင်းယားကောလိပ်မှ ကြိုးပမ်းလုပ်ဆောင်မှုကြောင့် နွားချေးများ အလဟဿ မဖြစ်သည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သော မီသိန်းဓာတ်ငွေ့ကိုပါ လေထုအတွင်း ရောက်မသွားအောင် ကာကွယ်နိုင်သည်။

ဗြိတိန်နိုင်ငံ၌ နို့စားနွား ကောင်ရေ ၂ ဒသမ ၂ သန်းခန့် မွေးမြူထားပြီး သိုးများလည်း အများအပြားရှိရာ ယင်းတို့မှထွက်ရှိလာမည့် မီသိန်းဓာတ်ငွေ့ပမာဏ မည်မျှများပြားမည်ကို မှန်းဆကြည့်နိုင်သည်။

**အင်တာနက်**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ယုဇနလမ်း အင်းမနေ ဦးဟန်တင်၊ ဒေါ်အုန်းသိန်း၊ သမီး မသိန်းသိန်းဆန်း၊ မနွေးဝတ်မှုန်ဟန် မိသားစုက ငွေကျပ် ၁၀၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# ဆည်မြောင်းတာတမံများတည်ဆောက်၍ မိတ္ထီလာကန်အတွင်း ရေဖြည့်ဆည်းလျက်ရှိ

➪ မိတ္ထီလာလွင်ပြင်မှ

ရှမ်းမငယ်ရေလှောင်တမံစီမံကိန်းမှာ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ကျောက်ပန်းတောင်းလမ်း မိုင်တိုင် (၂၂)မှ မြောက်ဘက်တစ်မိုင်ခွဲခန့် ဝင်ရောက်လာခဲ့ပါက တွေ့ရှိရပေသည်။ တမံအမျိုးအစား မြေသားတမံဖြစ်ပြီး အမြင့်မှာ ၈၉ပေနှင့် တမံအလျားပေ ၆၈၀၀ ရှိသည်။ ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး သုံးပေအချင်း တစ်ပေါက်အရွယ်အစားနှင့် အလျား ၁၇၂ပေရှိသည်။ ရေပိုလွှဲ အမျိုးအစားမှာလည်း သံကူကွန်ကရစ်ဖြစ်ပြီး အကျယ်ပေ ၄၀ရှိ၍ ၂၀၀၇–၂၀၀၈ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

ရှမ်းမငယ်ရေလှောင်တမံသည် မုန်တိုင်ဆည် အတွင်းသို့ ရေကူပေးမည့် ရေကူရေလှောင်တမံဖြစ်ပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပေသည်။

ထို့နောက် ရှမ်းမငယ် ရေလှောင်တမံစီမံကိန်းမှ ထွက်ခွာလာခဲ့ပြီး လက်ထောက်အင်ဂျင်နီယာ ဦးမျိုးညွန့်နှင့်အတူ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ညောင်ကုန်းရေလှောင်တမံသို့ ထွက်ခွာခဲ့သည်။ မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းမှ အတွင်းဘက်သို့ လေးမိုင် ဝင်ရောက်လာပါက ညောင်ကုန်းရွာအနီးတွေ့ရှိရပေသည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်က ဖွင့်လှစ် ခဲ့ပြီးဖြစ်သည်။ ညောင်ကုန်းဆည်မှ မိတ္ထီလာကန်သို့ မြောင်းအလျားပေ ၂၃၆၀၀ဖြင့် ရေသွင်းပေးနေပြီး ၂၀၀၅ ခုနှစ်တွင် ရေသွင်းပမာဏ၆၄၉၆ဧကပေနှင့် ၂၀၀၆ခုနှစ်တွင် ၂၅၀၉ဧကပေရှိကြောင်းနှင့် ၂၀၀၅ခုနှစ်တွင် မိုးစပါးဧက ၂၈၀နှင့် ၂၀၀၆ခုနှစ် နွေစပါးဧက ၂၀၀၊ လက်ရှိ ၃၉၉ဧက စုစုပေါင်း ၆၇၉ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း လက်ထောက်အင်ဂျင်နီယာများက ရှင်းလင်းပြသခဲ့သည်။ ညောင်ကုန်းရေလှောင်တမံ အချက်အလက်များမှာ မြေသားတမံဖြစ်ပြီး တမံအမြင့်ပေ ၄၀၊ တမံအလျားပေ ၆၄၀၀၊ ညောင်ကုန်းချောင်းကို ပိတ်ထားခြင်းဖြစ်သည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်ပိုက်ဖြစ်ပြီး ရေထုတ်ပြွန်အရွယ်အစားမှာ တစ်ပေအချင်းတစ်ပေါက်ဖြစ်သည်။ အလျားပေ၁၂၀ရှိပြီး ရေပိုလွှဲအကျယ်ပေ ၄၀၊ အလျားပေ ၂၀၀ ရှိသည်။

မိတ္ထီလာကန်ရေကူပေးရေးဆိုင်ရာ အခြားရေလှောင်တမံများမှာ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် လွန်ငင်ရွာအနီး၌ တည်ဆောက်ခဲ့သော လွန်ငင်ရေလှောင်တမံ၊ မိတ္ထီလာမြို့နယ် လက်ခုပ်ပင်ကျေးရွာအနီး လက်ခုပ်ပင်ရေလှောင်တမံ၊ ဖော်ပြခဲ့သော ညောင်ကုန်းရေလှောင်တမံများ ဖြစ်သည်။ အဆိုပါရေလှောင်တမံများမှ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ချောင်းကောက်ရေလှောင်တမံက ပိုလျှံသော ရေပမာဏဧကပေ၁၀၀၀၀ခန့်နှင့် ဆက်သွယ်တူးမြောင်းတစ်လျှောက် ရေဆင်းဧရိယာ ၂၄စတုရန်းမိုင်မှ စီးဆင်းလာသည့် ရေပမာဏ ဧကပေ၈၀၀၀ခန့်ကို မိတ္ထီလာကန် အတွင်းသို့ ဖြည့်တင်းပေးပြီး မိတ္ထီလာပြည်သူများအတွက် သောက်သုံးရေနှင့် မိတ္ထီလာကန်ရေသောက် စိုက်ဧရိယာများသို့ ရေပိုမိုပေးနိုင်ခဲ့သည်။

ထို့နောက် မိတ္ထီလာလွင်ပြင် စိမ်းလန်း စိုပြည်ရေးအတွက် တည်ဆောက်ပြီးစီးခဲ့သော ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံများသို့ လက်ထောက်အင်ဂျင်နီယာများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဦးအောင်မိုးဝင်းတို့ လိုက်ပါ၍ ဆက်လက်ထွက်ခွာခဲ့သည်။ မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင် ၃၅မှ တောင်ဘက် ၁၀မိုင်ဝင်လာပါက ကျောက်တံခါး ရေလှောင်တမံကို တွေ့ရှိရသည်။ ကျောက်တံခါးချောင်းကို ပိတ်ထားခြင်းဖြစ်သည်။ နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီးတွင် တည်ဆောက်ထားပြီး ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တည်ဆောက်ခဲ့သော တောင်ရေ ရေလှောင်တမံသို့ ဆက်သွယ်တူးမြောင်းဖြင့် ရေလွှတ်ပေးပြီး ကြက်မောက်တောင် ရေလှောင်တမံကို ရေကူပေးခြင်း ဖြစ်သည်။ ကျောက်တံခါးရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသများ၏ မြင်ကွင်းများမှာ သာယာစိုပြည်လှပလျက်ရှိနေပေသည်။

ကျောက်တံခါးရေလှောင်တမံသည် တမံအလျားပေ၇၆၁၀၊ အမြင့်ပေ ၈၀၊ မြေသားတမံဖြစ်ပြီး ရေထုတ်ပြွန်မှာ ၄ပေ–၆ပေ တစ်ပေါက်၊ အချင်းသုံးပေရှိသည်။ ရေပိုလွှဲအမျိုးအစား Reinforce Concrete ဖြစ်ပြီး အကျယ် ပေ ၁၅၀၊ အလျား၁၇၄၅ပေရှိသည်။ တောင်ရေတမံသို့ ဆက်သွယ်မြောင်းအလျားသည် ၁၃ ဒသမ ၅၀ မိုင်၊ တူးမြောင်းမကြီး အလျားခုနစ်မိုင်ရှိသည်။ ကျောက်တံခါးရေလှောင်တမံမှ တောင်ရေ ရေလှောင်တမံသို့ ဆက်သွယ်သည့် တူးမြောင်းလုပ်ငန်းတွင် ရေထိန်းတမံငါးခု တည်ဆောက်ပေးထားသည်။ ရေထိန်းတမံ(၁)သည် ယာကြီးရေလှောင်တမံဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် ကူနီရွာအနီး၌ တည်ရှိသည်။ မြေသားတမံဖြစ်ပြီး အလျားပေ၂၂၈၀ရှိ၍ တမံအမြင့်၆၉ပေရှိသည်။ ရေပိုလွှဲ အမျိုးအစား သံကူကွန်ကရစ်၊ ရေပိုလွှဲအကျယ်ပေ၅၀နှင့် အလျားပေ ၈၁၀ ရှိပြီး ဆက်သွယ်တူးမြောင်းအလျား ၁၃ ဒသမ ၂၅ မိုင်ရှိသည်။ တမံ(၂)မှာ ပန်းဆွဲရေထိန်းတမံ ဖြစ်ပြီး မြေသားတမံအမြင့်၆၈ပေ၊ အလျားပေ၂၈၇၀ရှိသည်။ တမံ(၃)မှာ ညောင်ငုတ်တိုတမံ ဖြစ်ပြီး မြေသားတမံအမြင့် ၃၉ပေနှင့် အလျားပေ ၇၁၀ရှိသည်။ ကျောက်ပန်းတောင်းမြို့နယ် တံခွန်တိုင်ရွာအနီး ရေထိန်းတမံ(၄)သည် ကျောက်ပန်းတောင်းမြို့နယ် ခပေါင်းကုန်းကျေးရွာအနီး တည်ဆောက်ထားသော ဦးကဝိရေထိန်းတမံဖြစ်သည်။ ဦးကဝိချောင်းကို ပိတ်ထားပြီး မြေသားတမံအမြင့်ပေ၅၀နှင့် အလျားပေ ၁၃၈၀ရှိသည်။ ရေထိန်းတမံ(၅)မှာ ဘဲကန်ရေထိန်းတမံဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်တွင် တည်ရှိ၍ ဘဲကန်ချောင်းကို ဖြတ်ပိတ်ထားပြီး တမံမှာ မြေသားတမံ အမြင့် ၃၈ ပေနှင့် အလျား ၁၃၅၅ ပေရှိသည်။

ကျောက်တံခါးရေလှောင်တမံမှ တောင်ရေ ရေလှောင်တမံထိ ဆက်သွယ်တူးမြောင်းများကို တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ကျောက်တံခါးရေလှောင်တမံကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့ပြီး ယာကြီးတမံနှင့် ဆက်သွယ်မြောင်းကြီးကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။ ကျောက်တံခါးတမံမှ တောင်ရေ ရေလှောင်တမံသို့ ဆက်သွယ်မြောင်းပေါင်အတိုင်း လာခဲ့ရာ အဆိုပါရေထိန်းတမံများသို့ ဝင်ရောက်ကွင်းဆင်း လေ့လာခဲ့ပြီး တောင်ရေ ရေလှောင်တမံသို့ ရောက်ရှိခဲ့သည်။

တောင်ရေ ရေလှောင်တမံသည် ၂၀၀၂–၂၀၀၃ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး တမံအလျားပေ ၂၉၅၀၊ အမြင့်ပေ ၇၀ ရှိသည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၇ရက်က ဖွင့်လှစ်ခဲ့သည်။ ဖော်ပြခဲ့သောရေထိန်းတမံများမှ တောင်ရေတမံသို့ ဆက်သွယ်မြောင်းဖြင့် ရေဝင်ရောက်ခဲ့ပြီး တောင်ရေတမံမှ တောင်ရေဥမင်ဖြင့် ကြက်မောက်တောင်ဆည်သို့ ရေကူပေးလျက်ရှိသည်။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ဆည်မြောင်းတာတမံများတည်ဆောက်၍ ဆက်သွယ်မြောင်းများမှ တစ်ဆင့် မိတ္ထီလာကန်တော်အတွင်းသို့ ရေဖြည့်ဆည်း ပို့လွှတ်ပေးလျက်ရှိသည်။ ပျော်ဘွယ်မြို့နယ် ချောင်းကောက်ရေလှောင်တမံမှ မိတ္ထီလာကန်သို့လည်းကောင်း၊ မုန်တိုင် ရေလှောင်တမံမှလည်းကောင်း၊ထို့နောက် ရှမ်းပြည်နယ် တောင်ပိုင်းမြို့ကြီးရေလှောင်တမံမှ လည်းကောင်း၊ ကြက်မောက်တောင်ဆည်သို့ ရေကူပို့လွှတ်ပေးခြင်းဖြင့်လည်းကောင်း၊ မိတ္ထီလာလွင်ပြင် အပူပိုင်းဒေသတစ်ခုလုံး စိုက်ပျိုးရေနှင့် သောက်သုံးရေများပြည့်လျှံ၍ စိမ်းလန်းသာယာ စိုပြည်နေမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**တောင်ရေ ရေလှောင်တမံ ဆက်သွယ်မြောင်း အထွက်ပေါက်ကို တွေ့ရစဉ်။**

ဓာတ်ပုံ–ခင်မောင်သန်း(စက်မှု)



○ လျှပ်စစ်မှ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်၌ တည်ရှိသော ပစ္စည်းစီမံရေးဌာနသို့ရောက်ရှိရာ ပစ္စည်းစီမံရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်စိုးက ဂိုဒေါင်များအလိုက် စီမံကိန်းပစ္စည်းများ၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ထားသိုမှုကို လည်းကောင်း၊ ရွှေလီ–မန်စံ 230 KV မဟာဓာတ်အားလိုင်းတွင် အသုံးပြုမည့် ပစ္စည်းများ တင်ပို့မှု အခြေအနေကို လည်းကောင်း၊ ပြည်သူများ လက်ဝယ်သို့ မီတာများဖြန့်ဖြူးပေးနိုင်ရန် လက်ခံရရှိမှုနှင့် ပြန်လည်ထုတ်ပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဂိုဒေါင်များအတွင်း ပစ္စည်းများထားသိုမှု စနစ်တကျရှိစေရေး မှာကြားသည်။

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် ပစ္စည်း စီမံရေးဌာန ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အလေအလွင့်အပျက်အစီးမရှိစေဘဲ အချိန်မီ ရောက်ရှိစေရေးမှာကြားသည်။

(သတင်းစဉ်)

## (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မန္တလေးမြို့ပေါ်ရှိ ဟိုတယ်များ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် ဒီဇင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အင်းဝဟိုတယ်သို့ သွားရောက်၍ ဟိုတယ်အတွင်း အပြင် ပြင်ဆင်မွမ်းမံထားရှိမှု၊ ဟိုတယ်ဝန်ထမ်းများ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဧည့်သည်များ တည်းခိုနေမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်းဝဟိုတယ်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအား နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး လုပ်ငန်းများကို ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်ကြရေး မှာကြားပြီး မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ရူပါမန္တလာဟိုတယ်၊ Mandalay City Hotel နှင့် စိန်စိန်ဟိုတယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မန္ဒြိုမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ကမာရွတ်မြို့နယ် ဇော်ဂျီလမ်းနေ အဖ ဦးညွန့်မောင်၊ ဦးဉာဏ်ဝင်း၊ ဒေါ်မြင့်မြင့်စိုး၊ ဒေါ်လှလှကြည်၊ ကိုဆန်းဉာဏ်စိုး၊ ဒေါ်မေသက်ခိုင်၊ မနိုင်နိုင်မော် မိသားစုက အလှူငွေ ကျပ် ၄၅၀၀၀၀ ကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်မြရှင် လက်ခံယူစဉ်။**

(က–ပ)

**ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ရွှေတောင်ကြား (၁)ရပ်ကွက်နေ ဦးလှရွှေ–ဒေါ်လှလှ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တိုးချဲ့ ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံယူစဉ်။**

(က–ပ)



## မုဒ္ဒံအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မုဒ္ဒံအသင်း(ရန်ကုန်)၏ ၂၀၀၆ခုနှစ် နဝမအကြိမ် သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဝိဇ္ဇာတာရုံ စာသင်တိုက်၌ ကျင်းပသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် မုဒ္ဒံအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း)၊ အတွင်းရေးမှူး ဦးသာလှ၊ ဘဏ္ဍာရေးမှူး ဦးစိုးတင်နှင့် သက်ဆိုင်ရာအမှုဆောင်များက နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေး ငွေစာရင်းရှင်းတမ်း၊ အသင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း ပြင်ဆင်ဖြည့်စွက်ချက်တို့ကိုဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

မုဒ္ဒံအသင်း(ရန်ကုန်)သို့ အသင်းဝင်လိုပါကအသင်းဥက္ကဋ္ဌ ဖုန်း–၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌ ဖုန်း–၀၉၈၀ ၃၄၅၁၇၊ အတွင်းရေးမှူး ဖုန်း–၅၃၉၄၅၃နှင့် ဘဏ္ဍာရေးမှူး ဖုန်း–၅၃၈၇၂၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ပုလောမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုသဘင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားနှင့် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် (စနေနေ့)တွင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီး Lion City Restaurant ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့်ပြီး အဘိုး အဘွားများ၊ ၂၀၀၆ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင် သားသမီးများသည် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍အသင်းတိုက်သို့ ပေးပို့ရန်နှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ပညာသင် ထောက်ပံ့ကြေးလျှောက်လိုသည့် အသင်းဝင်သားသမီးများ၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍အသင်းရုံးသို့ အထောက်အထားများနှင့် ပေးပို့ကြရန် နှိုးဆော်ထားသည်။

(က–ပ)

# တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် နွေစပါး၊ ဆောင်းသီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးမှုစစ်ဆေး ကျေးလက်မီးလင်းရေး စပါးခွံလောင်စာအသုံးပြု လျှပ်စစ်ဓာတ်အားပေးစက် ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၅

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၃ ရက် နံနက် ၇ နာရီက ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြကားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာပြီး လမ်း၊ တံတားများ ကြံ့ခိုင်ထိန်းသိမ်းထားရှိမှု၊ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် နွေစပါးနှင့် ဆောင်းသီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။**

၎င်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့နယ်၊ လပွတ်ကုလားကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မောင်း စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ စေတီတော် ဘက်စုံပြင်ဆင်ရေး အလှူငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းမှူးသည် ပြင်ရွာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ရှင်းလင်းမှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လူတော်ကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ကျေးလက်မီးလင်းရေးအတွက် စပါးခွံလောင်စာအသုံးပြု၍ မြင်းကောင်ရေ ၁၀၅ အင်ဂျင်ဖြင့် ဝပ် ၁၀၀၀၀ ထွက်ရှိသော လျှပ်စစ်ဓာတ်အားပေး စက်ကိုလည်းကောင်း၊ တော်ဝင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းရုံးအားလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းမှူးသည် လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျေးလက် ကျန်းမာရေးဌာနကို လည်းကောင်း၊ ဘီတွတ်ကျေးရွာ ကျေးလက်မီးလင်းရေးအတွက် TE-11 အင်ဂျင်ဖြင့် ဝပ်ငါးသောင်း ထုတ်လုပ်နိုင်သော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရတနာပုံ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်၊ တယ်လီဖုန်း အလုံးရေ ၆၀ တပ်ဆင်ထားသောအိတ်ချိန်းအားလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လူတော်ကြီးကျေးရွာ စပါးခွံလောင်စာဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**အထက(၁) တာမွေ ၁၉၇၂-၇၃ တပည့်ဟောင်းများ၏ မြတ်ဆရာ ကန်တော့ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ပင်လုံခန်းမတွင် ပြုလုပ်ရာ အသက်(၉၃)နှစ်ရှိ ဆရာမကြီး ဒေါ်လှတင်အား တပည့်ဟောင်းများက ဂါရဝပြုလက်ဆောင်ပေးအပ်စဉ်။** (ဝ၈)

# ခရီးသွားလုပ်ငန်းဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

**အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းအရ အာဆီယံအတွင်းရေးမှူးရုံးနှင့် Japan ASEAN General Exchange Fund (JAGEF) အစီအစဉ်တို့ဖြင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ၂၀၀၆ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှု တည်ဆောက်ရေး သင်တန်းကိုးခု အောင်မြင်စွာ ကျင်းပပြီးစီးခြင်းနှင့် ခရီးသွားလုပ်ငန်းဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၂ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ Chairman of ASEAN Task Force Director General of ASEAN-Lao PDR. Mr. Sayakane Sisouvong၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးရုံးမှ Director, Mr. Anish Kumar Roy. International Trade Institute of Singaporeမှ Deputy Vice President, Ms. Grace NG ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် အာဆီယံ အတွင်းရေးမှူးရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့်သစ်တောရေးရာဝန်ကြီးဌာနတို့မှ သင်တန်းသားအရာထမ်းများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂျပန်နိုင်ငံ အစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Tetsuo Amanoနှင့် Chairman of ASEAN Task Force, Director General of ASEAN-Lao PDR, Mr. Sayakane Sisouvong တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့မှ အရာထမ်း ၂၀ တို့အား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဂျပန်နိုင်ငံ သံရုံးမှ သံမှူးကြီးတို့က သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ကြသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံအတွင်းရေးမှူးရုံး IAI Unitအစီအစဉ်ဖြင့်၂၀၀၆ခုနှစ် မေလမှစတင်၍ နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှု တည်ဆောက်ရေး သင်တန်းကိုးခုသို့ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ အလယ်အလတ်နှင့် အဆင့်မြင့် အရာထမ်း ၁၈၀ တို့တက်ရောက်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

# အောင်စကြာအရှင်စန္ဒာသိရိ တရားဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရိ(ဓမ္မာစရိယ)သည် ဒီဇင်ဘာ ၂၉ ရက်တွင် ဦးတင်လှိုင်နှင့်သားများ ဆောက်လုပ်ရေး အလှူမင်္ဂလာ ဓမ္မသဘင်၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ၂ ရက်တွင် ပဲခူးမြို့ မြို့လယ်ဓမ္မာရုံကြီး ဓမ္မသဘင်၊ ၃၊ ၄၊ ၅ ရက်များတွင် ဒဂုံမြို့သစ်မြောက်ပိုင်း (၃၂)ရပ်ကွက် သာသနဇောတိက ပရိယတ္တိစာသင်တိုက် ဓမ္မသဘင်၊ ၆ ရက်တွင် ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်း အောင်တော်မူ ဆုတောင်းပြည့် ဘုရားငါးဆူ တန်ဆောင်းတော်ကြီး ဓမ္မသဘင်၊ ၇ ရက်တွင် သာကေတမြို့ ၃/ရန်ပြေ သာသနဟိတဓမ္မာရုံဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ ၁၀၊ ၁၁၊ ၁၂ ရက်များတွင် ဖျာပုံခရိုင် ကဒုံကနိကျေးရွာ ဓမ္မသဘင်၊ ၁၄ ရက်တွင် သာကေတမြို့ ၅/ရပ်ကွက် သုမနဓမ္မဗိမာန် မလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၊ ၁၅ ရက်တွင် တောင်ဥက္ကလာပ (၁၂)ရပ်ကွက်လုံးဆိုင်ရာ မလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၊ ၂၀ ရက်တွင် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ (၇၅)နှစ်မြောက် စိန်ရတုဓမ္မသဘင်၊ ၂၁ ရက်တွင် သာကေတမြို့ ၄/ရပ်ကွက် ဆုတောင်းပြည့် မြစေတီပွဲတော် ဓမ္မသဘင်၊ ၂၄ ရက်တွင် တာမွေမြို့နယ် သီတာလူငယ်ဆွမ်းလောင်းအသင်း (၅၁)နှစ်မြောက် ဆွမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

# စိတ်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း စိတ်ကျန်းမာရေး စောင့်ရှောက်မှု မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၈ရက် မွန်းလွဲ ၁ နာရီက သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်း ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် **(အောက်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး၊ စိတ်ကျန်းမာရေး ပါမောက္ခဒေါက်တာ ဦးလှငွေးက စိတ်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (၈၇)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၁၂-၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အချိန်နှင့်အလုပ်တရားတော် (အပိုင်း-၁) (သီတဂူဆရာတော်) |
| ၇း၅၅ | စွယ်တော်လေးဆူဆုပန်ယူ |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (ခင်ဘုဏ်းနှင့် သူမ၏ အနုပညာခရီးလမ်း) |
| ၈း၅၀ | Music Gallery (ပိုးအိစံ-အကဲလေး) |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | သံစဉ်များကိုဖန်တီးသူ |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | Sunday Talk |
| ၁၀း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၄၅ | ကုသိုလ်ပါရမီခိုင်မြဲဖို့ ကြေးပိုင့ကတ်လှူဒါန်းစို့ |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၁၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့ |
| ၁၂း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၁၅ | The Game Guide (War Craft) |
| ၁၂း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၅၀ | မေတ္တာပန်းတို့လန်းဆန်းရာ ဟာသ်ာတမေတ္တာဝါဒီ ပရဟိတဂေဟာ |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၀၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports(Live) |
| ၇း၂၄ | Chelsea-Reading | 5-Sports(Live) |
| | Tottenham-Aston Villa | 5-Series(Live) |
| ၉း၃၀ | Man Utd-Wigan | 5-Sports(Live) |
| | Blackburn-Liverpool | 5-Series(Live) |
| | Bolton-Newcastle | 5-Cartoons(Live) |
| ၁၁း၃၀ | West Ham-Portsmouth | 5-Sports(SDD) |
| ၁၁း၅၅ | Watford-Arsenal | 5-Series(Live) |



# ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၅**

ပြင်ဦးလွင်မြို့နေ စာပန်းအိမ်ဘော်ဒါ ဆောင်ပိုင်ရှင် သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာကျော်စော-ဒေါ်မေမျိုးမြတ်(စာပန်းအိမ်) မိသားစုက စဥ့်ကိုင်မြို့နယ်အတွင်း ရေဘေးသင့်ခံရသော ပတ္တာ၊ သပြေပင်နှင့် ဉာဏ်ကွေ့ကျေးရွာများသို့ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက သွားရောက်၍ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကျော်တို့အတွက် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာအုပ်များ၊စာရေးကိရိယာများ၊ အခြားအဝတ်အထည်များကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

**(အပေါ်ပုံ)** (က-ပ)

# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ပဲခူးတိုင်း(အနောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းငွေးသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့်အတူ ဒီဇင်ဘာ ၂၂ရက် ညနေပိုင်းတွင် သာယာဝတီမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲသို့ တက်ရောက်သည်။**

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်း၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက အသင်းဝင်အဆိုပြုလွှာ ၂၂၁ စောင်ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက လက်ခံပြီး ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့်စာအုပ်စာတမ်းများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် သဲကုန်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အသင်းဝင်အဆိုပြုလွှာ အစောင် ၅၅၀ကို လက်ခံရယူကာ အသင်း၏ ရုံးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ကွန်ပျူတာတစ်စုံနှင့် အလှူငွေများကို ပြန်လည်ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် ဒီဇင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ပြုပြင်ဆောင်ရွက်ခဲ့သော ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ လော့သော် ချောင်းကူးတံတားဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် ရွှေတောင်မြို့ နွားခြံကုန်းကျေးရွာအုပ်စု၌ ကျင်းပသော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အဆိုပြုလွှာအစောင် ၃၂၄၀ကို လက်ခံသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ယမန်နေ့တွင် မြန်အောင်မြို့နယ် ထန်းသုံးပင်ကျေးရွာ အရိယာရာမ ဘုန်းတော်ကြီးကျောင်း ကျောင်းဆောင်သစ် အုတ်မြစ်ချ မင်္ဂလာအခမ်းအနားသို့တက်ရောက်၍ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သတ်မှတ်နေရာ၌ အုတ်မြစ်ချပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ထန်းသုံးပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ငွေရတုအထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ မှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ် ရေစင်သစ်နှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲများကို ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး တက်ရောက်အားပေးသည်။ ယင်းနောက် ကျင်းပသော ငွေရတုသဘင်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကာ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့ ကညင်ငူကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာကြီးနှင့်



ကျောင်းအကျိုးတော်ဆောင်အဖွဲ့များအားတွေ့ဆုံ၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အင်ပင်ကျေးရွာအုပ်စု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားကာ မြို့နယ်၏တင်ပြချက်များအပေါ် ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် လက်ပံကွင်းကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသော အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး အသင်းဝင်အဆိုပြုလွှာများကိုလက်ခံကာ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး သဲကုန်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရုံးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းစဉ်။** (စွမ်းအင်)

## နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ ဝေပုလ္လသာမိ ဘဝနတ်ထံ ပျံလွန်တော်မူ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နိုင်ငံတော် သြဝါဒါစရိယ မကွေးတိုင်း ပခုက္ကူမြို့နယ် မဟာဝိသုတာရာမိက ရွှေပေါက်ပင်ကျောင်းတိုက် ပဓာနနာယက သက်တော်(၉၀) သိက္ခာတော် (၇၀)ရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လသာမိ မဟာထေရ်ဆရာတော်ကြီးသည် ယမန်နေ့ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် သီတင်းသုံးတော်မူရာ မဟာဝိသုတာရာမိက ရွှေပေါက်ပင်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် မဟာဝိသုတာရာမိက ရွှေပေါက်ပင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝေပုလ္လသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မကွေးတိုင်း ပခုက္ကူမြို့နယ် ညောင်ကြစ်ပင်ကျေးရွာ ခမည်းတော် ဦးမုန်း၊ မယ်တော် ဒေါ်ပုတာ တို့မှ ၁၂၇၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

### ရှင်/ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၁ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မကျည်းချောင်းရပ် ကုန်သည်ကြီး ဦးစိန်ပန်း–ဒေါ်ပု တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ၁၂၉၉ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် နံနက် ၈နာရီခွဲအချိန်တွင် ပခုက္ကူမြို့နယ် စဘေရွာဓားကြမ်းကုန်းစု တိုက်သူကြီးမင်း ဦးသာကြွယ်–ဒေါ်မင်းဆယ်နှင့် ကျောင်းဆရာမကြီး ဒေါ်သိန်းတင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ စဘေရွာအနောက်ကျောင်းကြီး ခဏ္ဍသိမ်တော်၌ ရေမျက်မင်းကျောင်း ဆရာတော် ဦးအာသဘကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြေပန်းတောင်းကျောင်းဆရာတော် ဦးဝိမလာစာရ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တပညာ၊ ဘဒ္ဒန္တသုန္ဒရ၊ဘဒ္ဒန္တနန္ဒိယ စသော ဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကိုလေ့လာသင်ယူတော်မူခဲ့ပြီး သာသနဓဇသိရီပဝရ ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

### စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မန္တလေးမြို့ မဟာဝေယံဘုံသာ ကျောင်းတိုက်တို့၌ ပါဠိအဋ္ဌကထာဋီကာကျမ်းများနှင့် စာမေးပွဲဆိုင်ရာကျမ်းစာများကို ပို့ချတော်မူ၍လည်းကောင်း၊ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကိုရေးသားပြုစုတော်မူခြင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနိကာယကျမ်းကို ရေးသားပြုစုတော်မူခြင်းဖြင့်လည်းကောင်း၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် မူလသံဃာ့ဝန်ဆောင် ၆၆ပါးအဖွဲ့ဝင်အဖြစ် ပထမအကြိမ်၊ ဒုတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယက အဖြစ်တို့ဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်တို့တွင် နိုင်ငံတော် သြဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့ပင်လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ စသောဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၅၁ခုနှစ် (၁၉၉၀ ပြည့်နှစ်)တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၀)ပြည့် သိက္ခာတော် (၇၀)အရ (၁၃၆၈ခုနှစ် ပြာသိုလဆန်း ၆ရက်) ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## မီးသတ်ပညာ မွမ်းမံသင်တန်းဆင်းပွဲ ပညာပေးဟောပြောပွဲနှင့် မီးသတ်သရုပ်ပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သန်လျင်မြို့နယ် အမှတ်(၁၀) သစ်စက်တွင် ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မီးသတ်ပညာ မွမ်းမံသင်တန်းဆင်းပွဲ၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ပြုလုပ်သည်။



အခမ်းအနားတွင် တောင်ပိုင်းခရိုင် မီးသတ်တာဝန်ခံ ဦးစီးအရာရှိ ရဲသူရသော်ဒါနှင့် တာဝန်ရှိသူများက သင်တန်းဆင်း မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောကာ စက်ရုံဝန်ထမ်းများနှင့် မိသားစုများက အရေးပေါ် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသကြသည်။ **(အောက်ဝဲပုံ)**

### တက်ရောက်

အခမ်းအနားသို့ သန်လျင်မြို့ အမှတ်(၁၀)သစ်စက် ဒုတိယအထွေထွေမန်နေဂျာ(သစ်စက်) ဦးခွန်အောင်စိုး၊ လက်ထောက် အထွေထွေမန်နေဂျာ ဦးတင်ဦး၊ လက်ထောက်စက်ရုံမှူး ဦးအောင်ဝင်း၊ သန်လျင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းမှူး ဦးထွန်းလင်းနှင့် သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ၊ သစ်စက်ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြကြောင်း သိရသည်။ (မီးသတ်ဦးစီး)

## သွေးရောဂါပညာရပ်ဆိုင်ရာ ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း သွေးရောဂါပညာအဖွဲ့၏ ပထမအကြိမ် သွေးရောဂါပညာရပ်ဆိုင်ရာ ညီလာခံကို ဒီဇင်ဘာ ၃၀ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါ အထူးကုဌာန၌ ရုံးချိန်အတွင်း မှတ်ပုံတင်နိုင်ကြောင်းနှင့် ယင်းညီလာခံတွင် “ခြင်ဆီ အစားထိုးကုသခြင်းဆိုင်ရာ ဆွေးနွေးပွဲ” (Panel Discussion on Bone Marrow Transplantation)၊ ဆေးလက်တွေ့နှင့် ရောဂါဗေဒဆိုင်ရာ စိတ်ဝင်စားဖွယ်ရောဂါများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်းများ (Clinico - Pathological Case Presentations)နှင့် သုတေသနစာတမ်း ဖတ်ကြားတင်ပြခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၆)ပုသိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပုသိမ်မြို့ အထက(၆) (ယခင်စိန့်ဂျိုးဇက်ကွန်ဗင့်)မှ ကျောင်းသား ကျောင်းသူဟောင်းများက ကျောင်းတည်ထောင်သည့်နှစ်မှ ၁၉၈၅ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့မှ လိုက်ပါလိုသော ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများအတွက် ပုသိမ်မြို့သို့ အသွားအပြန် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားပြီး မွန်းတည့် ၁၂ နာရီတွင် ကန်တော့ပွဲအခမ်းအနားနှင့် ညနေ ၆ နာရီတွင် မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဒေါက်တာအောင်ငွေး ဖုန်း–၀၉ ၅၁ ၆၉၃၁၉၊ ဦးပြုံး ဖုန်း– ၀၉ ၅၀၀ ၆၁၁၄၊ မပေါ့ပေါ့(ခ) မအုန်းမြင့် ဖုန်း–၀၉၅၀၁၄၁၆၆ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် အင်းစိန်လမ်းနေ ဦးတီ–ဒေါ်တင်လှ၊ သား မောင်ဝင်းဇော်၊ မောင်မြဇော် မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာ နိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ကွယ်လွန်သူ ဒေါ်ခင်မြိုင်(၇၅)နှစ်အား ရည်စူး၍ တောင်ဥက္ကလာပ မြို့နယ်၊(၇)ရပ်ကွက်၊(၁၈)လမ်းနေ မိသားစုက ဥက္ကလာပစေတီတော် ရှေးဟောင်း ခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီ ပရိဝုဏ်အတွင်း တည်ဆောက်ထားသော နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်းတော်ကြီး ဆေးသုတ်ရန် အလှူငွေ ကျပ် ၁၁၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမျိုးဝင်းနှင့်ဂေါပကအဖွဲ့ဝင် ဦးမြင့်သိန်းတို့ လက်ခံယူစဉ်။ (၆၄)



## အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဟော်ကီအသင်းအတွက် အားကစားဝတ်စုံနှင့် အလှူငွေများပေးအပ်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၀**

၂၀၀၆ခုနှစ် (၁၀)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဟော်ကီပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဟော်ကီ အသင်းအတွက် အားကစားဝတ်စုံများ နှင့် အောင်နိုင်ရေးအလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၃ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား အထက်မြန်မာပြည် မန္တလေးတိုင်း ဟော်ကီအားကစား ဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးနှင့် အထောက်အကူပြု ကော်မတီ ပြန်ကြားဆက်ဆံရေးအရာရှိ ဦးစိုးဦးမြိုင်က လှူဒါန်းရခြင်းအကြောင်း ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ် ဟော်ကီအသင်းသို့ အလှူရှင်များ ဖြစ်ကြသော ပစိဖိတ်ဟိုတယ်ပိုင်ရှင် ဦးမောင်ဝင်း(ကိုယ်စား) အထွေထွေ မန်နေဂျာ ဦးမျိုးဝင်းထွန်းက အားကစား ဝတ်စုံ ၂၀ကိုလည်းကောင်း၊ မန္တလေး တိုင်း ဟော်ကီဖွံ့ဖြိုးတိုးတက် ပြန့်ပွား ရေးနှင့် အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးစိုးမြင့်(မန္တလာဆေးရုံ)နှင့် ဦးခင် မောင်ကျော်(လီယိုကွန်ပျူတာ)တို့က အလှူငွေကျပ် တစ်သိန်းစီကို လည်း ကောင်း ပေးအပ်လှူဒါန်းကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးမြထွန်းက လက်ခံယူသည်။

ယင်းနောက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဟော်ကီအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှဝင်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(အပေါ်ပုံ)** (၄၆၉)

# မန်ချက်စတာယူနိုက်တက်အသင်း ဘောလုံးသမားသုံးဦးနှင့် ဆွေးနွေးနေ

**လန်ဒန် ဒီဇင်ဘာ ၂၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် အိုဝင်ဟားဂရေ့ဗ်၊ ဂါရတ်ဘေးလ်နှင့် ဂျိုင်းဘာတန်တို့အား ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်္ဂလန်လက်ရွေးစင်အသင်း၏ ဘောလုံးသမားလည်းဖြစ်ပြီး ဘေယန်မြူးနစ်အသင်းတွင် ပါဝင်ကစားနေသူ အိုဝင်ဟားဂရေ့ဗ်ကို ခေါ်ယူရန် မန်ချက်စတာ ယူနိုက်တက်အသင်း၏ မန်နေဂျာ ဆာအေလက်စ်ဖာဂူဆန်က ကာလကြာရှည်စွာ ကတည်းကပင်လျှင် စိတ်ဝင်စားခဲ့သည်။

ဆောက်သမ်တန်အသင်း၏ နာမည်ကျော်ဘောလုံးသမား ဂါရတ်ဘေးလ်ကို ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်းအပါအဝင် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင်အသင်း အများအပြားက စိတ်ဝင်စားလျက်ရှိသည်။ ဝေလနယ်သား ဘေးလ်အားခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိရာတွင် မန်ယူအသင်းက ရှေ့မှ ဦးဆောင်လျက်ရှိသည်။

မန်ချက်စတာစီးတီးအသင်း၏ ကွင်းလယ်ကစားသမား ဂျိုင်းဘာတန်အား ခေါ်ယူရန် ဖာဂူဆန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

***အင်တာနက်။***

# ရိုက်ဖီးလစ်ကို ခေါ်ယူရန် ပို့စ်မောက် စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဇန်နဝါရီလ ဘောလုံးသမား အပြောင်းအရွှေ့ရာသီတွင် ချယ်လ်ဆီး အသင်း၏ ကွင်းလယ်ကစားသမား ရှောင်ရိုက်ဖီးလစ်ကို ခေါ်ယူရန် ပို့စ်မောက်အသင်း စိတ်ဝင်စားလျက် ရှိကြောင်း ယနေ့ အင်တာနက်သတင်း တွင် ဖော်ပြသည်။

အင်္ဂလန် လက်ရွေးစင်အသင်း၏ တောင်ပံကစားသမားတစ်ဦးဖြစ်သူ ရိုက်ဖီးလစ်သည် လွန်ခဲ့သည့် ဘောလုံး ရာသီက အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၂၁သန်းဖြင့် မန်ချက်စတာ စီးတီးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာချိန်မှစ၍ အရန်ဘောလုံး သမား အခန်းကဏ္ဍတွင်သာရှိနေခဲ့ သည်။

အသက် ၂၅နှစ်အရွယ်ရှိ ရိုက်ဖီးလစ် သည် ချယ်လ်ဆီးအသင်းတွင် ယခု အချိန်အထိ ၁၃ပွဲမျှသာ ပါဝင်ကစားခွင့် ရရှိခဲ့သည်။ သို့ရာတွင် ရိုက်ဖီးလစ်သည် ချယ်လ်ဆီးအသင်း၌ရှိနေခြင်းအတွက် ကျေနပ်ကြောင်း ပထမဦးစားပေး ဘောလုံးသမားဖြစ်လာရန် ကြိုးပမ်း လျက်ရှိကြောင်း ပြောကြားခဲ့သည်။

***အင်တာနက်။***

**ဒီဇင်ဘာ ၁၃ ရက်က ပရီမီယာ လိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီး အသင်းမှ ရိုက်ဖီးလစ်(ယာ)က နယူးကာဆယ် အသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



## အင်တာနက် အားကစားသတင်းများ



**၂၀၀၆ ခုနှစ် စက်တင်ဘာလ အတွင်းက စကော့ ပီယေးတွင် ကျင်းပ သော ဥရောပ ချန်ပီယံရှစ် ခြေစစ် ပွဲတွင် အင်္ဂလန် အသင်းမှ အိုဝင် ဟားဂရေ့ဗ် (ယာ) နှင့် မက်ဆီဒိုးနီး ယား အသင်းမှ လာဇာရီဗက်စကီး တို့ ဘောလုံး ယှဉ်လုကြစဉ်။**

(ဓာတ်ပုံ– အင်တာနက်)

# ပရီမီယာလိဂ်အသင်းများ အမှတ်ရရှိမှု အခြေအနေ

**လန်ဒန် ဒီဇင်ဘာ ၂၅**

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ ဒီဇင်ဘာ ၂၅ ရက်တွင် အသင်းများ အမှတ်ရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်–

| အသင်း | ရမှတ် |
|---|---|
| ၁။ မန်ချက်စတာယူနိုက်တက် | ၄၇ |
| ၂။ ချယ်လ်ဆီး | ၄၅ |
| ၃။ လီဗာပူး | ၃၄ |
| ၄။ အာဆင်နယ် | ၃၃ |
| ၅။ ဘောလ်တန် | ၃၃ |
| ၆။ ပို့စ်မောက် | ၃၂ |
| ၇။ စပါး | ၂၈ |
| ၈။ အဲဗာတန် | ၂၇ |
| ၉။ ရီးဒင်း | ၂၆ |
| ၁၀။ အက်စတန်ဗီလာ | ၂၅ |
| ၁၁။ နယူးကာဆယ် | ၂၅ |
| ၁၂။ ဖူလ်ဟမ် | ၂၄ |
| ၁၃။ ဝီဂန် | ၂၂ |
| ၁၄။ မစ်ဒယ်ဘရော့ | ၂၀ |
| ၁၅။ မန်စီးတီး | ၂၀ |
| ၁၆။ ရှက်ဖီး | ၂၀ |
| ၁၇။ ဘလက်ဘန်းရိုဗာ | ၁၉ |
| ၁၈။ ဝက်စ်ဟမ်း | ၁၈ |
| ၁၉။ ချာလ်တန် | ၁၂ |
| ၂၀။ ဝက်ဖို့ဒ် | ၁၁ |

***အင်တာနက်။***

## ချာလ်တန်အသင်း နည်းပြအဖြစ် အေလန်ပါဒူးအား ခန့်အပ်

**လန်ဒန် ဒီဇင်ဘာ ၂၅**

ချာလ်တန်အသင်း၏ နည်းပြသစ်အဖြစ် အေလန်ပါဒူးအား ခန့်အပ်လိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။ ပါဒူးသည် ယခုလအစောပိုင်းက ဝက်စ်ဟမ်းအသင်းမှ ဖယ်ရှားခံခဲ့ရသူ ဖြစ်သည်။ ၎င်းသည် ချာလ်တန် အသင်းနှင့် သက်တမ်းသုံးနှစ်ခွဲရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ပါဒူးသည် လက်ရှိဘောလုံးရာသီတွင် ချာလ်တန်အသင်း၏ တတိယမြောက်မန်နေဂျာ ဖြစ်လာသည်။ ပါဒူး တာဝန်ယူမည့် ချာလ်တန်အသင်းသည် မြို့ခံပြိုင်ဘက်အသင်းဖြစ်သည့် ဖူလ်ဟမ်အသင်းနှင့် ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

***အင်တာနက်။***

# ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်။

အင်္ဂါနေ့တိုင်း ထွက်နေပါပြီ
နိုင်ငံတကာ သတင်းဂျာနယ်
● ရေငုပ်သင်္ဘောထုတ်လုပ်ရေး အိန္ဒိယ စတင်
● ခင်ကာရှမ့်ရှိ နိုင်ငံခြားသားကျောင်းသားများ ပညာရေးဗီဇာ တိုးမြှင့်မည်
● ဗြိတိန်နိုင်ငံမှာ လူသတ်သမားကို ရှာဖွေ
● ဒုတိယအကြိမ် ချူထင်တီယာခမ်းသပ်မှု လုပ်နိုင်
● ကာကွယ်ရေးဝန်ကြီးဌာန ဂျပန်၌ ထားရှိတော့မည်
● တရုတ်ပြည်မှာ သားသမီးတွေကိုကောင်းကြည့်ဖို့ စုံထောက်တွေငှား

Alpine Angel ဖြစ်လိုသည့် အနယ်နယ်
အရပ်ရပ်မှ ပြိုင်ပွဲဝင်လိုသူများ၏တောင်းဆိုချက်အရ
AlpineAngel 2007
ချောမောလှပကျန်းမာတက်ကြွသော Alpine အိန်ဂျယ်
ရှာပုံတော်ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပိတ်ရက်ကို
၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ(၂၁)ရက် သို့တိုးမြှင့်လိုက်ပါသည်။

ALPINE Angel 2007
ချောမောလှပ ကျန်းမာတက်ကြွသော
ALPINE အိန်ဂျယ်လ်ရှာပုံတော်

ပထမဆု
ကျပ်(၁၀)သိန်း နှင့်ဆက်ကပ္ပ အလည်အပတ်ခရီးစဉ်
( Alpine Angel 2007)

ဒုတိယဆု
ကျပ်(၂၀)သိန်း နှင့် ဆက်ကပ္ပ အလည်အပတ်ခရီးစဉ်
( 1st Runner Up )

တတိယဆု
ကျပ်(၁၅)သိန်း နှင့်ဆက်ကပ္ပ အလည်အပတ်ခရီးစဉ်
( 2nd Runner Up )

အခြား Title ဆု
ကျပ်(၃)သိန်း၊ (၁၂)ဆု

အသက်(၁၆)နှစ် မှ (၂၅)နှစ်ကြား တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အိမ်ထောင်မရှိသူဖြစ်ပြီး ချောမောလှပ ကျန်းမာတက်ကြွသော၊ အကျင့်စာရိတ္တကောင်းမွန်သူ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
လက်ကမ်းစာစောင်နှင့် ကြော်ငြာများတွင် ပါဝင်သော နမူနာပုံစံကို ဖြည့်စွက်၍ 4"x 6" အရွယ် ကိုယ်တစ်ပိုင်း(၁)ပုံ၊ တစ်ကိုယ်လုံး(၁)ပုံ ပူးတွဲ၍ အောက်ပါလိပ်စာသို့ ပေးပို့ပြိုင်ပွဲဝင်နိုင်ပါသည်။
Loi Hein Co., Ltd.
No. 117, Wardan (Keli) Road, Lanmadaw Township, Yangon.
Hot Line ☎ : 01-229956, 229964, 214807
Organized by LOI HEIN CO., LTD. Gems, Dress & Make-up by

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်တင်တင်အေး [၁၂/ကတတ(နိုင်)၀၁၃၈၉၈]သည် ၁၃–၁၂–၂၀၀၆ ရက်တွင် နေအိမ်မှ ရွှေ–ငွေ ပစ္စည်းများ ယူဆောင်၍ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။

**ဦးမောင်မောင်နိုင်**
**[၁၂/ကတတ(ပြ)၀၀၀၃၀၇]**
**အမှတ်–၁၄၊ သဇင်လမ်း၊**
**(၉)ရပ်ကွက်၊ ပုဇွန်တောင်**

ပဲဆီစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ...
ရန်ကုန်ပဲဆီသန့် ရန်ကုန်နှမ်းဆီရည်သန့်
09-5003646
(01) 382323, 382337 , 251230, 681310, 663317, 660283

NEWS WATCH

## အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိ စာသင်တိုက် နွယ်ဖွား ဟိတကာရီ တပည့်များ၏ အာစရိယ ပူဇော်ပွဲနှင့် နှစ်ပတ်လည်စုံညီပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၁ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည် ဖြစ်ပါ၍ ကျောင်းထိုင် ဆရာတော်၊ စာချ ဆရာတော် တပည့်များအနေဖြင့် ပင့်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီအရောက် ရွာမ ပရိယတ္တိ စာသင်တိုက်ကြီးသို့ ကြွရောက် တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။ (က–ပ)



**ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့မှကြီးမှူး၍ ကျိုက်ထီးရိုး၊ ကျိုက်သလ္လံ၊ ကျိုက္ခမီ ဘုရားများ ဆီမီးနံ့သာ ၉၉၀၀ စီ ပူဇော်ပွဲအတွက် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်စက်လမ်းနေ မြေးဖြစ်သူ မအင်ကြင်းမွေး(၆)နှစ်ပြည့် မွေးနေ့အကြိုအဖြစ် ငွေကျပ် ၁၂၇၈၀၀ ကို ဦးအေးသန်း–ဒေါ်တင်စန်း မိသားစုက ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်၊ ဘဏ္ဍာရေးမှူး ဒေါ်အမာဆွေတို့ လက်ခံရယူစဉ်။** (၆၁)

## ဥက္ကံအသင်း(ရန်ကုန်) ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဥက္ကံ မြို့မ လူမှုရေးအသင်း (ရန်ကုန်)၏ ဘွဲ့ထူး ဂုဏ်ထူးရ ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲ၊ သက်ကြီး ပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးတို့ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် မြေနီကုန်း ပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ဥက္ကံနယ်သား ဘွဲ့ထူး ဂုဏ်ထူးရ ပုဂ္ဂိုလ်များ၊ အသက်(၇၅)နှစ် ပြည့်ပြီးသော အသင်းဝင်များ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင် သားသမီးများသည် အသင်းဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း–၅၄၆၁၅၀၊ အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း–၅၂၆၅၆၆နှင့်တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း–၅၃၇၄၃၇ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)





**ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၅ရက်က ရန်ကင်းပညာရေးကောလိပ်ခန်းမတွင် ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(သုတေသီ)အဖွင့်အမှာစကားပြောကြားစဉ်။** (၃၅)

# ဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံနှင့် လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၃ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း အနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁)စက်နှင့် စက်ကိရိယာ ပစ္စည်းထုတ်လုပ်မှု စက်ရုံ (ညောင်ခြေထောက်)သို့ သွားရောက်စစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးသစ်လွင်လေးက တပ်ဆင်ရေးအလုပ်ရုံ၌ ရောင်းချပြီးဖြစ်သည့် Junior CNC Lathe Machine များကို သယ်ယူ ပို့ဆောင်ရန် စနစ်တကျ ထုပ်ပိုးထားရှိမှုများ၊ Column Type Drilling Machine , Junior DRO Lathe Machine များ တပ်ဆင် ထုတ်လုပ်နေမှုများနှင့် တပ်ဆင်ပြီး ထုတ်ပေးရန် အသင့်စက်များကိုလည်းကောင်း၊ Enamelled Copper Wire ထုတ်လုပ်မှုအလုပ်ရုံတွင် Enamelled Copper Wire ကြိုးများ ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ဝါယာကြိုးများ ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း လိုက်လံ ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဝန်ကြီးက စက်ပစ္စည်းများအား သယ်ယူပို့ဆောင်ရာတွင် ပျက်စီးထိခိုက်မှုမရှိစေရန် စနစ်တကျဆောင်ရွက်ရေး၊ အရည်အသွေးမီ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ သုတေသနနှင့် တီထွင်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး၊ စက်ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် အမှတ်(၁)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)သို့ သွားရောက်စစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးခင်ဇော်က တပ်ဆင်ရေး အလုပ်ရုံ၌ KND5B ရေစုပ်စက်များနှင့် ရော-၁ လက်တွန်းထွန်စက်များ တပ်ဆင် ထုတ်လုပ်နေမှုများနှင့် စက်ရုံမှ ထုတ်လုပ်သည့် သုံးသွားပါဝါထယ်များကိုလည်းကောင်း၊ သံရည်ကျို အလုပ်ရုံ၌ စက်အစိတ်အပိုင်းအမျိုးမျိုး သံရည်ကျိုသွန်းလောင်းနေမှုများ၊ သံရည်သွန်းလောင်းရန် မိုနှင့် ပုံစံများ ကြိုတင်ပြင်ဆင်နေမှုများ၊ သွန်းလောင်းပြီး သံထည်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက သွန်းလောင်းသံထည်ပစ္စည်းများကို လျာထားချက်ပြည့်မီထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ စက်အစိတ်အပိုင်းများနှင့် ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် ထုတ်လုပ်ပြီး စက်ပစ္စည်းများဈေးကွက်သို့ ဆောလျင်စွာ ဖြန့်ဖြူးရောင်းချရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီး တည်ဆောက်ထားသည့် ကျောက်တံခါး ရေလှောင်တမံကို သာယာလှပစွာ တွေ့မြင်ရစဉ်။
ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)

# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ် စမ်းသပ်ရေးဌာနနှင့် ရွှေပြည်သာစက်မှုဇုန် ကားစက်ရုံ စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၅

**အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် အလုံမြို့နယ် လျှပ်စစ်စမ်းသပ်ရေးဌာနသို့ ရောက်ရှိရာ လျှပ်စစ်စမ်းသပ်ရေးဌာနမှူး အမှုဆောင်အင်ဂျင်နီယာ ဦးညွန့်သန်းက မီတာများစမ်းသပ်မှုလုပ်ငန်းကို လည်းကောင်း၊ မီတာများ လက်ခံရရှိမှုနှင့် ပြန်လည်ထုတ်ပေးမှုအခြေအနေများကိုလည်းကောင်း၊ မီတာများ ပြည်သူများ လက်ဝယ်သို့ အမြန်ဆုံးတပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်မှုကိုလည်းကောင်း EMIC (ဗီယက်နမ်)နှင့် SW2A မီတာနှစ်မျိုးတို့၏ အရည်အသွေးနှိုင်းယှဉ်ချက်များကိုလည်းကောင်း အသေးစိတ်ကို ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး စမ်းသပ်ခန်းများအတွင်း မီတာများ စမ်းသပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် သာစုကန် စက်မှုဇုန်အပိုင်း (၃/၄)တွင် တည်ရှိသော Khaing Khaing Group သို့ ရောက်ရှိရာ ကုမ္ပဏီတာဝန်ခံ မစ္စတာအိက မော်တော်ကားများ ထုတ်လုပ်သည့်စက်ရုံအတွင်းလိုက်လံ ရှင်းလင်းပြသပြီး ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ပသွင်းကုန် အစားထိုး ပြည်တွင်းထုတ်လုပ် သံချောင်းများ ရရှိရေးအတွက်သံရည် ကျိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး စက်ရုံအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍**

# မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ဆည်အစုအဖွဲ့များ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၅

**မန္တလေးတိုင်း မိတ္ထီလာလွင်ပြင်သည် တစ်နှစ်လျှင် မိုးရေချိန်လက်မ ၃၀ခန့်သာရွာသွန်းသော ကြောင့် စိုက်ပျိုးရေအခက်အခဲနှင့် နှစ်စဉ်ကြုံတွေ့နေရသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ ဒေသစိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံရေးတို့အတွက် ဆည်မြောင်းဦးစီးဌာနသည် အသေးစား၊အလတ်စားဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။**

မိတ္ထီလာကန်မှာ ရေဆင်းဧရိယာ စတုရန်းမိုင် ၂၄၀ ရှိ၍ နုန်းကျဆင်းမှုကြောင့် ရေသိုလှောင်နိုင်မှုပမာဏ တဖြည်းဖြည်းကျဆင်းလာသည့်အတွက် မိတ္ထီလာကန်၏ အထက်ဘက်တွင် ရေဆင်းဧရိယာစတုရန်းမိုင် ၁၅၀ ရှိသော မုန်တိုင်ဆည်ကို ၁၉၆၆ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ ဤသို့မုန်တိုင်ဆည် တည်ဆောက်ခဲ့သည့်အတွက် မိတ္ထီလာကန်အတွင်း နုန်းကျဆင်းမှု လျော့နည်းခဲ့သည်။ ၂၀၀၄ခုနှစ်တွင်မုန်တိုင်ဆည်ရေသိုလှောင်နိုင်မှု တွက်ချက်ခဲ့ရာ ယခင်က ၃၅၃၅၇ ဧကပေ ရှိခဲ့သော်လည်း ဧကပေ ၂၆၃၁၀ သာရှိခဲ့၍ ၃၇နှစ်အတွင်း ရေသိုလှောင်နိုင်မှု ၉၀၄၇ဧကပေ လျော့နည်းသွားခဲ့ပေသည်။ အဆိုပါမုန်တိုင်ဆည်ကို ရေကူရန်နှင့် သဲနုန်းကျဆင်းမှု၊ ရေကြီးမှုတို့ကိုလျော့ပါးစေရန် ရှမ်းမငယ် ရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨**

သတင်းဆောင်းပါး၊ ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)

**ကျောက်တံခါးရေလှောင်တမံ ရေပေးရေသွယ်မြောင်းကို စက်ယန္တရားကြီးများ ဖြင့် တိုးချဲ့ဖောက်လုပ်နေစဉ်။** ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)

